မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၁ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၀၉)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတည်ငြိမ်မှုနှင့်ပတ်သက်၍ အားလုံးပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ်ထူထောင်နိုင်ရေး ဆောင်ရွက်လျက်ရှိ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒီမိုကရေစီကို လွတ်လပ်မှန်ကန်စွာ ကျင့်သုံးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းတွင် နည်းပညာ၊ အုပ်ချုပ်မှု၊ ဘဏ္ဍာရေးကဏ္ဍ ပံ့ပိုးကူညီမှုများပေးသွားမည် ငြိမ်းချမ်းရေးဆောင်ရွက်မှု ရန်ပုံငွေများကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ပံ့ပိုးကူညီသွားမည်

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E. Mr. BAN Ki-moon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (အောက်ပုံ)

စာမျက်နှာ ၃ ကော်လံ ၁ ◆

ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများထူထောင်၊ ကုန်ထုတ်လုပ်မှုတိုးတက်ရေး ချမှတ်ဆောင်ရွက်

အလုပ်သမားထုတစ်ရပ်လုံး လူမှုရေးတရားမျှတမှုကိုအခြေခံသည့် အကျိုးခံစားခွင့်များ ပြည့်ဝစွာရရှိရေး အလေးထားဖော်ဆောင်

နေပြည်တော် မေ ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ၊ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ၂၀၁၂ ခုနှစ် အလုပ်သမားနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား -

၂၀၁၂ ခုနှစ် မေလ ၁ ရက်နေ့တွင် ကျရောက်သည့် အလုပ်သမားနေ့အခါသမယတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်အဖြစ် တည်ဆောက်အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် မိမိတို့၏ ကာယ၊ ဉာဏ၊ ဝီရိယစွမ်းအားများဖြင့် အားကြိုးမာန်တက် ဆောင်ရွက်လျက်ရှိကြသော နိုင်ငံတစ်ဝန်းရှိ အလုပ်သမားကြီးများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါသည်။

နှစ်စဉ် မေလ ၁ ရက်နေ့ကို ကမ္ဘာ့နိုင်ငံအသီးသီးရှိ အလုပ်သမားများအား ဂုဏ်ပြုသည့်အနေဖြင့် အလုပ်သမားနေ့အဖြစ် သတ်မှတ်ကျင်းပသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း အလုပ်သမားနေ့အခမ်းအနားကို ယခုနှစ်တွင် နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသောကြောင့် ယနေ့သည် မြန်မာနိုင်ငံရှိ အလုပ်သမားကြီးများအတွက် အဓိပ္ပာယ်အထူးပြည့်ဝသော နေ့ထူးနေ့မြတ်လည်း ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်း၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး လုပ်ငန်းစဉ်(၈)ရပ် ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လူတိုင်းအတွက် သင့်လျော်ကောင်းမွန်သော အလုပ်အကိုင်များရရှိရေးကိုစွရပ်သည် အခြေခံကျသော ရည်မှန်းချက်တစ်ရပ်ဖြစ်ပါသည်။ အဆိုပါရည်မှန်းချက်ကို အကောင်အထည်ဖော်ရာတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ အရှိန်အဟုန်နှင့် စီးဝင်လာအောင် ဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ရုံ၊ အလုပ်ရုံများ၊ စက်မှုနယ်မြေများ၊ စက်မှုဇုန်များ၊ အထူးစီးပွားရေးဇုန်ကြီးများ တိုးချဲ့ထူထောင်ခြင်း၊ အသေးစားနှင့် အလတ်စား

စာမျက်နှာ ၂ ကော်လံ ၁ ❖

၂၀၁၂ ခုနှစ် အလုပ်သမားနေ့ကို ဂုဏ်ပြုပါ၏။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်လာသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာ ဘန်ကီမွန်းနှင့်ဇနီးတို့အား ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်စဉ်။

(သတင်းစဉ်)

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ရောက်ရှိနေသော ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းနှင့်ဇနီး ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား ယနေ့ညပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်၌ ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

တက်ရောက်

အဆိုပါ ဂုဏ်ပြုညစာစားပွဲသို့ နိုင်ငံတော်သမ္မတနှင့်ဇနီးနှင့်အတူ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

ညစာမသုံးဆောင်မီနှင့် သုံးဆောင်နေစဉ်အတွင်း ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက တေးသံသာများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ခရီးစဉ်မှတ်တမ်းအယ်လ်ဘမ်ကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့သည် ဖျော်ဖြေကြသော အနုပညာရှင်များအား လက်ဆောင်ပန်းခြင်းပေးအပ်ပြီး အနုပညာရှင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

၂၀၁၅ ခုနှစ်တွင် အဓမ္မစေခိုင်းမှုများ လုံးဝပပျောက်စေရေး ပူးတွဲမဟာဗျူဟာတစ်ရပ်ကို စတင်အကောင်အထည်ဖော်နေ

❖ *ရှေ့ဖုံးမှ*

စီးပွားရေးလုပ်ငန်းများနှင့် ဒေသန္တရစီးပွားရေးလုပ်ငန်းများ တိုးတက်လာစေခြင်း စသည့် စက်မှုလုပ်ငန်းများ ထွန်းကားလာသည်နှင့်အမျှ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေမည့် လုပ်သားဈေးကွက်ဖြစ်ပေါ်စေခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ခြင်းနှင့် နိုင်ငံတော်၏ကုန်ထုတ်လုပ်မှုတိုးတက်ရေးအတွက် အရေးပါသော အလုပ်သမားများ၏ လုပ်ငန်းခွင်ကျွမ်းကျင်မှုမြင့်တင်ခြင်း စသည့်မူဝါဒများကို ချမှတ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ယနေ့အချိန်အခါတွင် အလုပ်သမားထုတစ်ရပ်လုံးအတွက် လူမှုရေးတရားမျှတမှုကို အခြေခံသည့် အကျိုးခံစားခွင့်များ ပြည့်ဝစွာရရှိနိုင်စေရေး အလေးထားဆောင်ရွက်လျက်ရှိရာ နိုင်ငံတော်အနေဖြင့် အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်သမားများအကြား၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရန်လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန်လည်းကောင်း အလုပ်သမားအဖွဲ့အစည်းဥပဒေနှင့် နည်းဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး အလုပ်သမားအဖွဲ့အစည်းများကို ဖွဲ့စည်းခွင့်ပြုထားပြီး ဖြစ်ပါသည်။

ထို့အပြင် အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများအတွက် လူမှုရေးကာကွယ်စောင့်ရှောက်မှုများ ပိုမိုရရှိနိုင်စေရန် ဆေးကုသမှုခံယူခွင့်နှင့် ငွေကြေး အကျိုးခံစားခွင့်၊ အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစား အကျိုးခံစားခွင့်၊ အလုပ်လက်မဲ့ အကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်၊ နာရေးစရိတ်ခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်နှင့် အိမ်ရာစီမံကိန်းစသည့် အကျိုးခံစားခွင့်များပါဝင်သော လူမှုဖူလုံရေးဥပဒေသစ်ကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်ပါသည်။

ယခုအခါ မိမိတို့နိုင်ငံတွင် ဒီမိုကရေစီစနစ်အရ တာဝန်ယူခဲ့သည့် အစိုးရသစ်၏သက်တမ်း တစ်နှစ်ကျော်လွန်သည့် အချိန်အခါဖြစ်၍ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားလာစေရန်အတွက် အဓမ္မခိုင်းစေမှုကိစ္စရပ်များသည် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ လုံးဝပပျောက်သင့်ပြီဖြစ်ပါသည်။ အဓမ္မခိုင်းစေမှုဆိုရာတွင် မည်သည့်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ထံမှမဆို ကာယကံရှင်၏ ဆန္ဒအလျောက် ကမ်းလှမ်းခြင်းမဟုတ်ဘဲ အကျိုးစီးပွား ထိခိုက်ဆုံးရှုံးစေမည်ဟု ခြိမ်းခြောက်လျက် ထိုသူ၏လုပ်အားကို အတင်းအကျပ်ရယူအသုံးပြုသော အလုပ် သို့မဟုတ် ဝန်ဆောင်မှု အားလုံးပါဝင်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အတွင်း အဓမ္မခိုင်းစေမှုပပျောက်ရေးကို အရှိန်အဟုန်မြင့်တင်ဆောင်ရွက်လျက်ရှိရာ ၂၀၁၅ ခုနှစ်တွင် အဓမ္မခိုင်းစေမှုများ လုံးဝပပျောက်စေရေးအတွက် ပူးတွဲမဟာဗျူဟာတစ်ရပ်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့တို့က စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ပါသည်။

ချစ်ကြည်လေးစားအပ်ပါသော အလုပ်သမားကြီးများခင်ဗျား -

ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရာတွင် အလုပ်သမားများနှင့် အလုပ်သမားအဖွဲ့အစည်းများ၊ အလုပ်ရှင်များနှင့်အလုပ်ရှင်အဖွဲ့အစည်းများအားလုံးတို့သည် နိုင်ငံတော်အစိုးရနှင့်အတူ စည်းလုံးညီညွတ်စွာဖြင့် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။

မြန်မာ့ရုပ်မြင်သံကြား

၁-၅-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်

၇း၃၀ နံနက်ခင်းသတင်း

ညပိုင်း

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး

၄း၅၀ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)

၅း၂၅ အလုပ်သမားနေ့ ဂုဏ်ပြုအစီအစဉ်

၆း၀၀ ညနေခင်းသတင်း

၆း၁၅ မိုးလေဝသအခြေအနေ

၆း၂၀ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ

၆း၃၅ ဆိုလိုက်ကြစို့

၈း၀၀ ပြည်တွင်းသတင်း

- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ

အယ်ဒီတာ့ အာဘော်

(၂၀၁၂ခုနှစ် မေ ၁ ရက်)

အလုပ်သမားနေ့ ဒို့မမေ့

ယနေ့သည်ကား ကမ္ဘာ့အလုပ်သမားနေ့ပင်ဖြစ်၏။ အလုပ်သမားများကို ဂုဏ်ပြုသောအားဖြင့် နှစ်စဉ်နှစ်တိုင်း မေလ ၁ ရက်နေ့ရောက်တိုင်း ထိုနေ့ကို အလုပ်သမားများ၏ အားလပ်ရက်အဖြစ် သတ်မှတ်ကာ စက်ရုံ အလုပ်ရုံနှင့် ရုံးများ၊ ကျောင်းများ ပိတ်ပေးလေ့ရှိကြသည်။ ဤနေ့ ဤအချိန်အခါတွင် ကမ္ဘာတစ်ဝန်း အလုပ်သမားနေ့အခမ်းအနားများလည်း ကျင်းပလေ့ရှိကြသည်။

လွန်ခဲ့သော ၁၉ ရာစုအတွင်း အမေရိကန်နိုင်ငံ၌ ချမ်းသာကြွယ်ဝသောအရင်းရှင်ကြီးများက အလုပ်သမားများအား အလုပ်ချိန် မတန်တဆခိုင်းစေရာမှ အလုပ်သမားအုံကြွမှုကြီးဖြစ်ကာ အလုပ်သမားနေ့ ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ၁၈၈၉ ခုနှစ်က ပြင်သစ်နိုင်ငံ ပါရီမြို့တွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအသင်းချုပ်ကြီး၏ ဒုတိယအကြိမ် ညီလာခံက အမေရိကန်အလုပ်သမားများ တိုက်ပွဲဝင်ခဲ့သော မေ ၁ ရက်နေ့ကို ကမ္ဘာ့အလုပ်သမားနေ့အဖြစ် သတ်မှတ်ရန် တညီတညွတ်တည်း သဘောတူဆုံးဖြတ်ရာမှ ကမ္ဘာ့အလုပ်သမားနေ့ကြီး ပေါ်ပေါက်လာရခြင်းဖြစ်သည်။ ထိုနေ့ ထိုအချိန်မှစ၍ အလုပ်သမားများ၏အလုပ်ချိန်မှာလည်း တစ်နေ့ ၈ နာရီအဖြစ် သတ်မှတ်ပေးနိုင်ခဲ့ပေသည်။

အလုပ်သမားဟူသည် မည်သို့သောအလုပ်ကို လုပ်ကိုင်သည်ဖြစ်စေ အလုပ်တစ်ခုလုပ်နေလျှင် အလုပ်သမားပင်ဖြစ်သည်။ စက်ရုံအလုပ်ရုံ၌ လုပ်ကိုင်သည်ဖြစ်စေ၊ ရုံး၌လုပ်ကိုင်သည်ဖြစ်စေ၊ ပုဂ္ဂလိကအလုပ်အကိုင်ကို လုပ်ကိုင်သည်ဖြစ်စေ အလုပ်တစ်ခုခုလုပ်နေလျှင် အလုပ်သမားပင်ဖြစ်၏။ ကာယနှင့်လုပ်သည်ဖြစ်စေ၊ ဉာဏနှင့်လုပ်သည်ဖြစ်စေ အလုပ်သမားပင်ဖြစ်၏။ ထိုအလုပ်သမားတို့သည်ကား လူ့ဘောင်ကောင်းကျိုးအတွက် ထုတ်ကုန်ပစ္စည်းအမျိုးမျိုးတို့ကို ထုတ်လုပ်ပေးနေကြ၏။ ထို့ကြောင့်ပင် အလုပ်သမားတို့၏ကျေးဇူးကား ကြီးမားလှပေစွ။

ကမ္ဘာပေါ်တွင် ရှိရှိသမျှသောအဆောက်အအုံများ၊ အဝတ်အထည်အသုံးအဆောင်များမှအစ ယာဉ်မျိုးစုံအထိအဆုံး အားလုံးသောအရာရာတိုင်းသည် အလုပ်သမားတို့၏ တီထွင်မှု၊ ထုတ်လုပ်မှု၊ တည်ဆောက်မှုမှတစ်ဆင့် ပေါ်ထွန်းလာရပေသည်။ ယနေ့လူသားများ ခေတ်မီစွာနေထိုင်နေကြခြင်းသည်ပင်လျှင် အလုပ်သမားများ၏ကျေးဇူးတရားများနှင့် မကင်းပေ။ အဘယ်ကြောင့်ဟူမူ အလုပ်သမားတိုင်းသည် ဘဝရပ်တည်မှုတစ်ခုအတွက် အလုပ်လုပ်နေကြသည်ဟု ဆိုပင်ဆိုငြားသော်လည်း လူသားကောင်းကျိုးအတွက် မိမိ၏ခွန်အားနှင့် အကြံဉာဏ်များကို အသုံးပြုပြီး အလုပ်လုပ်ကိုင်နေကြခြင်းကြောင့်ပေတည်း။

ထို့ကြောင့်ပင် ပြည်သူတစ်ရပ်လုံးက အလုပ်သမားများ၏စွမ်းပကားကို လေးစားဂုဏ်ပြုကြရ၏။ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးကြရ၏။ အားပေးချီးမြှောက်ကြရ၏။ အလုပ်သမားတို့၏ဘဝကို စာနာထောက်ထားခြင်းဖြင့် တတ်စွမ်းသရွေ့ ဖေးမကူညီပေးကြရ၏။ အလုပ်သမားတို့၏ကျေးဇူးကား ကြီးမားလှပေသည်။

သို့ဖြစ်ပါ၍ လူတိုင်းလူတိုင်းသည် အလုပ်သမားတို့၏ကျေးဇူးနှင့် မကင်းပေ။ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်သောနည်းဖြင့်သော်လည်းကောင်း ကျေးဇူးကားရှိ၏။ ထိုကျေးဇူးတရားများကို လူတိုင်းသတိမူစေခြင်းအား နှစ်စဉ်နှစ်တိုင်း မေလ ၁ ရက်နေ့ရောက်လေတိုင်း အလုပ်သမားနေ့ခေါ် မေဒေးနေ့ကို သတ်မှတ်ရခြင်းပင်ဖြစ်သည်။ ထို့ကြောင့်ပင် အလုပ်သမားနေ့သည်ကား မမေ့အပ်သောနေ့တစ်နေ့ပင်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

◆ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အတူ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ်များဖြစ်ကြသော Mr.Vijay Nambiar၊ Ms.Noeleen Heyzer၊ Ms.Judy Cheng-Hopkins နှင့် ကုလသမဂ္ဂရုံးမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ရှေးဦးစွာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr.BAN Ki-moon က ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ် အောင်မြင်နေမှုများအား အားပေးလို၍ ယခုကဲ့သို့လာရောက်ခြင်းဖြစ်ပါကြောင်း၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၏ လုပ်ငန်းများ အမြန်ဆုံးအပြည့်အဝ တိုးမြှင့်လုပ်ဆောင်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၄ခုနှစ်တွင် ဆောင်ရွက်မည့် မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် ကုလသမဂ္ဂမှ နည်းပညာ၊ အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးကဏ္ဍပံ့ပိုးကူညီမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ၌ နိုင်ငံတကာနှင့် ပိုမိုထိတွေ့ဆက်ဆံဆောင်ရွက်နိုင်ရန် အကူအညီများ ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း ဘိန်းစိုက်ပျိုးမှု ကင်းစင်ပပျောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ UNODC မှတစ်ဆင့် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများကို ကြိုဆိုပါကြောင်းနှင့် ထောက်ခံအားပေးသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂအနေဖြင့် ပိုမိုပါဝင် ကူညီဆောင်ရွက်နိုင်ရေးအတွက် ငြိမ်းချမ်းရေးဆောင်ရွက်မှု ရန်ပုံငွေများကို ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများသို့ ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ မြေမြှုပ်မိုင်း ရှင်းလင်းရေးကိစ္စများကိုလည်း ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း၊ ပြည်တွင်းပဋိပက္ခဖြစ်ပွားရာဒေသများတွင် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများ ပံ့ပိုးနိုင်ရေးအတွက် ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများမှ ကူညီဆောင်ရွက်နိုင်အောင် အခွင့်အလမ်းများ ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းဆောင်ရွက်နေမှုကို ကြိုဆိုအသိအမှတ်ပြုပါကြောင်း၊ ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးနှင့် အပြည့်အဝပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါကြောင်းနှင့် နည်းပညာဆိုင်ရာ ပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ RIO+ (UN Conference on Sustainable Development) အစည်းအဝေးသို့ ဒုတိယသမ္မတ တက်ရောက်မည်ဖြစ်၍ ဝမ်းမြောက်ပါကြောင်း၊ လာမည့် စက်တင်ဘာလတွင် ကျင်းပမည့် ကုလသမဂ္ဂအထွေထွေညီလာခံသို့ သမ္မတကြီး တက်ရောက်နိုင်ပါရန် ဖိတ်ကြားပါကြောင်းနှင့် တက်ရောက်နိုင်မည်ဟု မျှော်လင့်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

နိုင်ငံတော်သမ္မတက ပြန်လည်ဆွေးနွေးပြောကြားရာတွင် ကုလသမဂ္ဂ၏ အားပေးကူညီဆောင်ရွက်မှုများကြောင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်များ ပိုမိုလျင်မြန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်၍ ကျေးဇူးတင်ရှိပါကြောင်း၊ ပြည့်ဝရင့်ကျက်သော ဒီမိုကရေစီတစ်ရပ် ဖြစ်လာစေရန် ထပ်မံကြိုးပမ်းဆောင်ရွက်သွားရဦးမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် ဆောင်ရွက်ရန် နှစ်ပိုင်းရှိပါကြောင်း၊ နိုင်ငံရေးတည်ငြိမ်မှု လုပ်ငန်းစဉ်နှင့် ပြည်တွင်းပဋိပက္ခ ချုပ်ငြိမ်းရေး လုပ်ငန်းစဉ်တို့ပင် ဖြစ်ပါကြောင်း။

နိုင်ငံရေးတည်ငြိမ်မှုနှင့် ပတ်သက်၍ အားလုံးပါဝင်သော နိုင်ငံရေးလုပ်ငန်းစဉ်တစ်ရပ် ထူထောင်နိုင်ရေးအတွက် နိုင်ငံရေးပါတီအားလုံးနှင့် ထိတွေ့ဆက်သွယ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်လည်း အတူတကွ ပူးပေါင်းဆောင်ရွက်နိုင်မည့် အဆင့်တစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဒီမိုကရေစီကို လွတ်လပ်မှန်ကန်စွာ ကျင့်သုံးနိုင်ရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးနှင့်စပ်လျဉ်း၍ ယခုအချိန်အထိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း (၁၁)ဖွဲ့အနက် (၁၀)ဖွဲ့နှင့် အပစ်အခတ် ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးဆွေးနွေးမှုလုပ်ငန်းများ ဆွေးနွေးလုပ်ဆောင်နိုင်နေပြီဖြစ်ပါကြောင်း၊ KIO အဖွဲ့အစည်းနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ထိတွေ့ဆောင်ရွက်ရာတွင် အချို့အချက်များ၌ သဘောထားကွဲပြားမှုများ ရှိနေသေးသော်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဆက်လက်ဆောင်ရွက်နေခြင်းကြောင့် မကြာမီအဆိုပါလုပ်ငန်းစဉ်များ အောင်မြင်မည်ဟု မျှော်လင့်ပါကြောင်း၊ အဆိုပါဒေသရှိ ပြည်သူများအတွက် လူသားချင်းစာနာမှုအကူအညီများကို နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေး တိုးတက်ရရှိလာသည်နှင့်အမျှ UNDP၊ WFP၊ ICRC စသည့် နိုင်ငံတကာအဖွဲ့အစည်းများမှ လူသားချင်းစာနာမှု အကူအညီများ၊ ပြန်လည်နေရာချထားရေး၊ စားဝတ်နေရေး၊ အလုပ်အကိုင်ရရှိရေး၊ လူမှုရေးဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးတို့ကို ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းစဉ်များသည် အဓိကဦးစားပေး လုပ်ငန်းစဉ်များဖြစ်၍ UNDP ကဲ့သို့ အဖွဲ့အစည်းများမှ ပါဝင်ကူညီဆောင်ရွက်စေလိုပါကြောင်း၊ သန်းခေါင်စာရင်း ကောက်ယူရေးအတွက် ESCAP မှ နည်းပညာနှင့် လေ့ကျင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်၍ လိုအပ်သော အကူအညီများကို ပံ့ပိုးကူညီပေးစေလိုပါကြောင်း။

မြန်မာနိုင်ငံ၏ ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံတကာစီးပွားရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ရေး၊ ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ရေးတို့အတွက် တိုက်တွန်းပေးစေလိုပါကြောင်း၊ ယခုအခါ နိုင်ငံအတော်များများမှ မြန်မာနိုင်ငံအပေါ် စီးပွားရေး ပိတ်ဆို့မှုများကို ရုပ်သိမ်းပေးပြီးဖြစ်၍ EU ၏ စီးပွားရေးပိတ်ဆို့မှု ယာယီရပ်ဆိုင်းခြင်းမှသည် အပြည့်အဝ ရုပ်သိမ်းလာအောင် တိုက်တွန်းပေးစေလိုပါကြောင်း။

ဘိန်းအစားထိုးသီးနှံစိုက်ပျိုးနိုင်ရေး၊ တရားမဝင်မူးယစ်ဆေးအလွဲသုံးမှုများ ပပျောက်စေရေးတို့အတွက်လည်း UNODC နှင့် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး လုပ်ငန်းစဉ်များ၌ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးအဖွဲ့များ၊ ပြည်တွင်းအဖွဲ့အစည်းများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းအားလုံးသည် နိုင်ငံတော်အစိုးရနှင့် ထာဝရငြိမ်းချမ်းရေး သဘောတူညီချက်များကို လွှတ်တော်အတွင်း အပြီးသတ်သဘောတူညီ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဦးတည်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းစဉ်များတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည်လည်း လွှတ်တော်အတွင်းမှ ပါဝင်ဆောင်ရွက်နိုင်မည့် အခွင့်အရေးရရှိမည်ဖြစ်ပါကြောင်း၊ ကုလသမဂ္ဂနှင့် မြန်မာနိုင်ငံတို့အကြား ခိုင်မာသောဆက်ဆံမှုများ ပိုမိုဆောင်ရွက်နိုင်ရေး၊ ကုလသမဂ္ဂ၏ လုပ်ငန်းများနှင့် ကုလသမဂ္ဂက ဖော်ဆောင်နေသည့် ကမ္ဘာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအနေဖြင့် ပိုမိုပူးပေါင်းပါဝင်နိုင်ရေးအတွက် မိမိတို့လိုလားပါကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကကြိုး၊ ကကွက်များဆိုင်ရာ ဆင့်ပွားနည်းပြသင်တန်းဆင်း

နေပြည်တော် ဧပြီ ၃၀

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေး ဆပ်ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ကကြိုး၊ ကကွက်များဆိုင်ရာ ဆင့်ပွားနည်းပြ သင်တန်းအမှတ်စဉ် (၁/၂၀၁၂) ဆင်းပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် နေပြည်တော် ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ရတနာမွန်ခန်းမ၌ ကျင်းပရာ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကိုယ်စား ဆပ်ကော်မတီအတွင်းရေးမှူး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးချုပ် သိန်းတင့်၊ ပညာရေးဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ကျောင်းအုပ်ကြီးများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲ အခမ်းအနားတွင် ဖျော်ဖြေတင်ဆက်မည့် ကကြိုး၊ ကကွက်များဆိုင်ရာ ဆင့်ပွားနည်းပြသင်တန်းဆင်း အမှာစကား ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးနှင့် ရဲမှူးချုပ် သိန်းတင့်တို့က သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယဆု ရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦးက သင်တန်းဆင်း ဂုဏ်ပြုမှတ်တမ်းလွှာများကို သင်တန်းသား သင်တန်းသူများကိုယ်စား တာဝန်ရှိသူများထံ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

သင်တန်းဆင်းပွဲအပြီးတွင် သင်တန်းသူများက ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား၌ ဖျော်ဖြေတင်ဆက်မည့် ကကြိုး၊ ကကွက်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၈၂ ဦး တက်ရောက်ခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ဖွင့်ပွဲ၊ ပိတ်ပွဲအခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်ရေးဆပ်ကော်မတီက ကြီးမှူးဖွင့်လှစ်သည့် ကကြိုး၊ ကကွက်များဆိုင်ရာ ဆင့်ပွားနည်းပြသင်တန်း အမှတ်စဉ် (၁/၂၀၁၂) ဆင်းပွဲအခမ်းအနား ကျင်းပစဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဇနီးဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်အတွင်း ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၃၀

နေပြည်တော်တွင်ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ဇနီး Mrs. Ban Soon-tack ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယဉ်ကျေးမှုဝန်ကြီးဌာနဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက် ၉နာရီတွင် ဥပ္ပါတသန္တိစေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး စေတီတော်လိုဏ်တော်အတွင်းရှိ စကျင်ကျောက်ထွင်း ဗုဒ္ဓဝင်ပန်းချီကားများကို ကြည့်ရှုလေ့လာကြကာ **(အပေါ်ပုံ)** ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း တို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဇနီးသည် စေတီတော်မြတ်ကြီးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းရာ စေတီတော်ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

ထို့မှတစ်ဆင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ဇနီးသည် တာဝန်ရှိသူများလိုက်ပါလျက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် ပြတိုက်ပထမထပ်၌ ခင်းကျင်းပြသထားသည့် မြန်မာ့တွင်းထွက်ကျောက်မျက်ရတနာများကို ကြည့်ရှုလေ့လာကြပြီး ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။ **(သတင်းစဉ်)**

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အကြိုလှုံ့ဆော်ရေးတေးသီချင်းပြိုင်ပွဲတွင် ရွေးချယ်ခြင်းခံရသူများ ထုတ်ပြန်ကြေညာ

နေပြည်တော် ဧပြီ ၃၀

၂၀၁၃ ခုနှစ် ဒီဇင်ဘာလအတွင်း ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ အသုံးပြုရန်အတွက် အကြိုလှုံ့ဆော်ရေး တေးသီချင်းပြိုင်ပွဲတစ်ရပ်ကို အားကစားဝန်ကြီးဌာနမှ လျှောက်လွှာခေါ်ယူကျင်းပခဲ့ပြီး ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲဝင်တေးသီချင်းများအား ဂီတအနုပညာရှင်များ ပါဝင်သည့် တေးသီချင်း စိစစ်ရွေးချယ်ဖန်တီးရေးကော်မတီက စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ရာ တေးရေးလင်းထက်၏ လှပတဲ့အားကစားရဲ့ရောင်စုံဥယျာဉ် သီချင်းက ပထမ၊ တေးရေးဆလိုင်း၏ ဖိတ်ခေါ်ပြီး သီချင်းက ဒုတိယ၊ တေးရေး အောင်နိုင်စန်း၏ Win the day သီချင်းက တတိယ၊ တေးရေးကျော်လင်းထွန်း၏ ရွှေရောင်လက်ခုပ်သံ သီချင်းနှင့် တေးရေး မဖြိုးအောင်ကျော်၏ Together Forever Southeast Asia သီချင်းတို့က နှစ်သိမ့်ဆုများ ရရှိသွားကြသည်။

အဆိုပါ ပြိုင်ပွဲဆုရရှိကြသူများအား အခမ်းအနားဖြင့် ဆုပေးအပ်ချီးမြှင့်သွားမည်ဖြစ်ရာ ကျင်းပမည့်ရက်စွဲ၊ အချိန်နှင့် နေရာတို့ကို နေ့စဉ်ထုတ်သတင်းစာများ၌ ထပ်မံကြေညာသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် ရှင်စောပုလမ်း အမှတ် ၅၉(စီ) ဒေါက်တာဦးအောင်မြင့်-ဒေါက်တာဒေါ်ခင်မွန် မိသားစုနှင့် တပည့်ဆရာဝန်များက ဒဂုံမြို့သစ် အရှေ့ပိုင်းမြို့နယ် အမှတ်(၂)အဝေးပြေးလမ်းမကြီးဘေးရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ)ဗဟိုသို့ အလှူငွေကျပ် ဆယ်သိန်း လှူဒါန်းရာ အဖွဲ့ဝင် ဦးထွန်းအေးက လက်ခံယူစဉ်။ (မြန်မာ့အလင်း)

အရည်အသွေးပြည့်မီပြီး တိကျမှန်ကန်အဆင့်မီသည့် လူဦးရေအချက်အလက်များ ရရှိနိုင်အောင်

ကမ္ဘာ့ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ကြီးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းသည် ယနေ့နံနက် ၈နာရီတွင် နေပြည်တော်ရှိ မြတ်တော်ဝင်ဟိုတယ် Lobby ခန်းမ၌ ကျင်းပသည့် ၂၀၁၄ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေး စာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၊ ကုလသမဂ္ဂဒုတိယအတွင်းရေးမှူးချုပ်နှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးပုဂ္ဂိုလ် မစ္စတာဗီဂျေနမ်ဘီးယားနှင့်အဖွဲ့ဝင်များ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးခင်ရီ၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဒုတိယဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များနှင့်အတူ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် (နယူးယောက်) သံအမတ်ကြီး ဦးသန်းဆွေလည်း တက်ရောက်ကြသည်။

ရှေးဦးစွာ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့ အခမ်းအနားသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၏ ၂၀၁၄ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် လွန်စွာအရေးပါသည့် သမိုင်းမှတ်တိုင်တစ်ခု ဖြစ်ပါကြောင်း။

၁၈၇၂ ခုနှစ်မှစတင်၍ ၁၉၄၁ ခုနှစ်အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် သန်းခေါင်စာရင်းများကို (၁၀)နှစ်တစ်ကြိမ် အချိန်မှန်ကောက်ယူခဲ့ကြပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာနှင့်ပြည့်စုံသည့် သန်းခေါင်စာရင်းများကို ၁၉၇၃ ခုနှစ်တွင် တစ်ကြိမ်နှင့် ၁၉၈၃ ခုနှစ်တွင် တစ်ကြိမ် ကောက်ယူနိုင်ခဲ့ပြီး နောက်ပိုင်းတွင် အကြောင်းအမျိုးမျိုးကြောင့် တစ်နိုင်ငံလုံး အတိုင်းအတာအရ ကွင်းဆင်းသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းများ မပြုနိုင်ခဲ့ပါကြောင်း။

တိကျမှန်ကန်သည့် လူဦးရေအချက်အလက်များသည် လက်ရှိအစီအမံများနှင့် အနာဂတ်အစီအမံများအပေါ် အရေးကြီးသည့် အချက်ဖြစ်နေသောကြောင့် အစိုးရအဖွဲ့သစ်သည် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းစဉ်ကို ယခုကဲ့သို့ မဖြစ်မနေဆောင်ရွက်ခဲ့ခြင်းဖြစ်ပါကြောင်း။

ယခုပြုလုပ်မည့် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းလုပ်ငန်းစဉ်မှာ ပြင်ဆင်ချိန်ကာလ လုပ်ငန်းအဆင့်ဆင့်များအတွက် အစိုးရအဖွဲ့သစ်စတင် တာဝန်ယူချိန်မှစ၍ ဆောင်ရွက်နေခဲ့ခြင်းဖြစ်ပြီး ၂၀၁၅ ခုနှစ်အတွင်း နောက်ဆုံးအဆင့် စာရင်းဇယားများ ထုတ်ပြန်နိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

အရည်အသွေးပြည့်မီပြီး တိကျမှန်ကန်အဆင့်မီသည့် လူဦးရေအချက်အလက်များ ရရှိနိုင်အောင် ကမ္ဘာ့ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ကြီးနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက အမှာစကားပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ်တို့၏ ရှေ့မှောက်တွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီနှင့် ကုလသမဂ္ဂ ဒုတိယအတွင်းရေးမှူးချုပ် မစ္စတာ ဗီဂျေနမ်ဘီးယားတို့က ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ကုလသမဂ္ဂနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေး စာချွန်လွှာကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့သည် အဖွဲ့ဝင်များနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက တည်ခင်းဧည့်ခံသည့် နံနက်စာ စားပွဲသို့ တက်ရောက်သည်။ **(သတင်းစဉ်)**

တက်ရောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင်စာရင်းကော်မရှင် နာယက ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းတို့ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ကုလသမဂ္ဂနှင့်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့အကြား အကူအညီပေးရေးစာချွန်လွှာ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ တက်ရောက်စဉ်။ (သတင်းစဉ်)

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က အလုပ်သဘောနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ မြတ်တော်ဝင်ဟိုတယ်၌ အလုပ်သဘောနေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ နေ့လယ်စာစားပွဲသို့ ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေး၊ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒုတိယဝန်ကြီးများ၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။နေ့လယ်စာ စားပွဲတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းနှင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်တို့က အပြန်အလှန် နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် အဖွဲ့အား အလုပ်သဘော နေ့လယ်စာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား နိုင်ငံခြားဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းအား Luxenbourg နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဌာနမှ Programme Incharge Mr. Claude Jentgen နှင့် လာအိုနိုင်ငံ Lanith မှ Chief Technical Advisor Peter Semone ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉နာရီခွဲတွင် အဆိုပါ ဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် ၎င်းတို့အဖွဲ့အနေဖြင့် ဗီယက်နမ်နှင့် လာအိုနိုင်ငံတို့တွင် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း လူ့စွမ်းအားဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့်လည်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နိုင်မည့် အချက်အလက်များကို ယခုကဲ့သို့ လေ့လာခွင့်ပေးသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ လာအိုနိုင်ငံတွင် Lanith စီမံကိန်းသည် Luxenbourg နှင့် လာအိုနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သည့် နှစ်ရှည်စီမံကိန်းဖြစ်ကြောင်း၊ လာအိုနိုင်ငံ၌ နှစ်တို၊ နှစ်လတ်စီမံကိန်းများအနေဖြင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဝန်ထမ်းများအတွက် လုပ်ငန်းခွင်ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရန် သင်တန်းဖွင့်လှစ်ပြီး ၎င်းတို့ တက်ရောက်ခဲ့သည့် ရက်တိုသင်တန်းများ၌ တက်ရောက် အောင်မြင်မှုအတွက် ကျွမ်းကျင်မှုအဆင့်ကို အသိအမှတ်ပြုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ရန် စိတ်ဝင်စားမှုများပြားလျက်ရှိ၍ အနာဂတ်တွင် အရည်အသွေးမြင့်သည့် တာဝန်ယူမှုရှိသော ခရီးသွားလုပ်ငန်းအတွက် ဝန်ကြီးဌာနအနေဖြင့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိသည်ကို သိရှိရသဖြင့် ဝမ်းမြောက်ပါကြောင်းနှင့် နည်းပညာပိုင်းဆိုင်ရာအနေဖြင့် ကူညီပေးနိုင်ပါကြောင်း ရင်းနှီးပွင့်လင်းစွာ မေးမြန်းဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးပါကြောင်း၊ Lanith နှင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ ပူးပေါင်း၍ အနာဂတ်တွင် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ကျောင်း၊ တက္ကသိုလ်အဆင့် ဖွင့်လှစ်ဆောင်ရွက်မည့်အစီအစဉ်များအတွက် ဝမ်းမြောက်ကြိုဆိုပါကြောင်း၊ လိုအပ်သည်များ ပံ့ပိုးကူညီသွားမည်ဖြစ်ကြောင်း ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ဧည့်သည်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးအား ဂျပန်နိုင်ငံ AEON ကုမ္ပဏီနှင့် AEON 1% Club ဥက္ကဋ္ဌ Mr. Naoki Hayashi ဦးဆောင်သောအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး AEON 1% Club နှင့်ပူးပေါင်းဆောင်ရွက်နိုင်မည့် မြန်မာယူနီဆက်အဖွဲ့နှင့်ပူးပေါင်း၍ ၂၀၁၃ ခုနှစ်မှစပြီး သုံးနှစ်အတွင်း နှစ်စဉ် အခြေခံပညာကျောင်း (၁၀) ကျောင်းစီတွင် စာသင်ဆောင်များနှင့် ရေ မိလ္လာလုပ်ငန်းများ ဆောက်လုပ်ပေးနိုင်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် နှစ်ရှည်ပင်များ စိုက်ပျိုးရေးနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ကောင်းမွန်ရေးအတွက် မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံတို့မှ အခြေခံပညာကျောင်းသား ကျောင်းသူများ အပြန်အလှန် စေလွှတ်လေ့လာခွင့်ပြုရေးလုပ်ငန်းများကို ဆွေးနွေးညှိနှိုင်းကြသည်။ **(အပေါ်ပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေ၊ ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon ဦးဆောင်သော အဖွဲ့အား ယနေ့နံနက် ၁၀ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

ယင်းသို့တွေ့ဆုံရာ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ၊ ပြည်သူ့လွှတ်တော်ကော်မတီများမှ ကော်မတီဥက္ကဋ္ဌများ၊ ပြည်သူ့လွှတ်တော်ကော်မတီအဖွဲ့ဝင်များနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံရာတွင် ကုလသမဂ္ဂအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ အကူအညီများ ဆက်လက်ပေးအပ်သွားရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁-၅-၂၀၁၂ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၅း၂၀ MRTV-4 သတင်း
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး**(အပိုင်း-၈)
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၂)
- ၁၁း၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၂၈)
- ၁၂း၁၅ သင်ကြားရေးလမ်းညွှန် (Imperial Merit Education Centre IMEC)
- ၁၂း၃၀ အရွယ်မရွေးလှပစေမည့် Ginger Beauty Land
- ၁၂း၅၀ ခိုင်မာစွာရပ်တည်နေသော ထေရဝါဒမိတ်ဆက်တရားတော်(သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိသရ)
- ၂း၀၀ MRTV-4 သတင်း
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၈)
- ၄း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၂)
- ၅း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၂၈)
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အဖြူရောင်တိမ်တိုက်လေး** (အပိုင်း-၉)
- ၇း၂၀ Celebrity Choice (မင်းသွေး)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ The Sign Of Love (အချစ်သင်္ကေတ)(အပိုင်း-၂)
- ၉း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ဘဝအားမာန်** (အပိုင်း-၂၃)
- ၁၀း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပုံပြောကောင်းတဲ့ချစ်သူ** (အပိုင်း-၂၉)
- ၁၁း၅၅ **အသံတိတ်အိပ်မက်ဆိုး** မေသန်းနု၊ချစ်သုဝေ၊ဂျင်နီ [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၂း၃၀ စွဲမက်ဖွယ်ရာ ရတနာ (စိန်ကျောက်အလား ဥသျှဖရား) (အပိုင်း-၁)
- ၁း၀၀ Barclays Premier League Liver Pool Vs Fulham
- ၃း၁၀ တိုးပွားဆောင်ရွက်နိုင်ငံ့လက် ဖေးကူမွေးမြူတို့အတူ (ဇီဝဖြည့်စွက်အစာ- ဘိုင်အိုဖီးဒ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း
ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ ဦးဆောင်သောအဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E. Mrs. Catherine Ashton ဦးဆောင်သောအဖွဲ့အား ယနေ့ မွန်းလွဲ ၁၂နာရီ မိနစ် ၄၀တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံရာတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် ကော်မတီဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာ၌ ဥရောပပါလီမန်နှင့် မြန်မာလွှတ်တော်တို့အကြား လွှတ်တော်အချင်းချင်း ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E. Mrs. Catherine Ashton ဦးဆောင်သောအဖွဲ့အား နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဇမ္ဗူသီရိ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်
တိုင်းရင်းဆေးကုဌာနများ လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ် ကလောမြို့နယ် နမ်ပန်တက်ကျေးလက်ကျန်းမာရေးဌာနခွဲ၊ သရက်ပုကျေးလက်ကျန်းမာရေးဌာနနှင့် ကလောမြို့ ခုတင် ၁၀၀ ဆံ့ ပြည်သူ့ဆေးရုံတို့ကိုလည်းကောင်း၊ အောင်ပန်းမြို့ တိုင်းရင်းဆေးကုဌာနသို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံခဲ့

ဆက်လက်၍ ကလောမြို့နယ် အောင်ပန်းတိုက်နယ်ဆေးရုံ၊ ကလောမြို့နယ် ဟဲဟိုးတိုက်နယ်ဆေးရုံတို့သို့ ရောက်ရှိပြီး ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၂၈ ရက် နံနက် ၇ နာရီခွဲတွင် တောင်ကြီးမြို့ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ တောင်ကြီးမြို့ သားဖွားသင်တန်းကျောင်းမှ သင်တန်းသူများအား တွေ့ဆုံနှုတ်ဆက်သည်။

ဆက်လက်၍ ညောင်ရွှေမြို့နယ် ဟဲယားရွာမတိုက်နယ်ဆေးရုံ၊ ညောင်ရွှေမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် ညောင်ရွှေမြို့နယ် ပြည်သူ့ဆေးရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တောင်ကြီးမြို့ တိုင်းရင်းဆေးရုံသို့ရောက်ရှိပြီး လူနာကုသဆောင်များနှင့်တက်ရောက် ကုသမှုခံယူနေသူများအား လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးပြီး အစည်းအဝေးခန်းမ၌ ပြည်နယ်တိုင်းရင်းဆေးဦးစီးမှူး၊ ဆေးရုံအုပ်၊ တိုင်းရင်းဆေးမှူးများ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ဒုတိယဝန်ကြီးသည် ဧပြီ ၂၉ ရက် နံနက် ၈ နာရီတွင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများနှင့်တွေ့ဆုံပြီး သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

တိုက်တွန်းခဲ့

ဆက်လက်၍ နံနက် ၁၁ နာရီတွင် ပင်းတယမြို့နယ် တိုင်းရင်းဆေးကုဌာနနှင့် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများ၊ အခြေခံကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ကျေးလက်ဒေသနေ ပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်နိုင်ရေး တာဝန်ကျေပွန်စွာအပြင် စေတနာအပြည့်ဖြင့်ပါ အထူးကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် တောင်ကြီးမြို့ စဝ်စံထွန်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးရုံဝန်ထမ်းများအား တွေ့ဆုံမှာကြားစဉ်။ (သတင်းစဉ်)

မှတ်သားဖွယ်ရာ မိုးရေချိန်

၃၀-၄-၂၀၁၂

ရွှေစာရံမြို့	၁ ဒသမ ၅၃ လက်မ
တောင်ကုတ်မြို့ / ကျိုက်မရောမြို့	၁ ဒသမ ၄၀ လက်မစီ
ပြင်ဦးလွင်မြို့	၁ ဒသမ ၁၈ လက်မ
ကျိုက္ခမီမြို့	၁ ဒသမ ၁၄ လက်မ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်
ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr.BAN Ki-moon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်အတူ ဒုတိယဥက္ကဋ္ဌ ဦးမြညိမ်း၊ အမျိုးသားလွှတ်တော်ကော်မတီများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော် မစ္စတာဘန်ကီမွန်းနှင့်အတူ ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ် (နယူးယောက်) ဦးသန်းဆွေနှင့် ကုလသမဂ္ဂနှင့် အဖွဲ့အစည်းများဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Ashok Nigam တို့လည်း တက်ရောက်ကြသည်။

ပွင့်လင်းစွာဆွေးနွေး

ထိုသို့တွေ့ဆုံရာတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းတည်ထောင်ထားသည့်လွှတ်တော်၏လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ လွှတ်တော်အစည်းအဝေးများကျင်းပနေမှုနှင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ကဏ္ဍများအနက် မြန်မာနိုင်ငံသားများ၏ လူ့အခွင့်အရေးမြှင့်တင်ကာကွယ်ရန် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းဆွေးနွေးပြောကြားပြီး နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီနှင့် ပြည်သူတို့၏ တိုင်ကြားစာနှင့် အသနားခံစာများဆိုင်ရာကော်မတီတို့၏ လုပ်ငန်းများအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ကုလသမဂ္ဂနှင့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးတို့နှင့် စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက် ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ **(သတင်းစဉ်)**

လက်ခံတွေ့ဆုံ

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များ ရှမ်းပြည်နယ် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာရှိ
UNODC နှင့် နိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးစီမံကိန်းအား ကြည့်ရှုလေ့လာ

နေပြည်တော် ဧပြီ ၃၀

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့် ဇနီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့မွန်းလွဲ ၂ နာရီတွင် ကုလသမဂ္ဂအထူးလေယာဉ်ဖြင့် နေပြည်တော်မှထွက်ခွာရာ ရှမ်းပြည်နယ် ဟဲဟိုးမြို့သို့ မွန်းလွဲ ၂ နာရီခွဲတွင် ရောက်ရှိကြသည်။

ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီး ဦးဆောင်သည့် အဖွဲ့အား ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်ဇနီး၊ အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်စိုးထွဋ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသား၊ တိုင်းရင်းသူများက ဟဲဟိုးလေဆိပ်မှ ကြိုဆိုကြသည်။

ထိုမှတစ်ဆင့် ဧည့်သည်တော် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ ရဟတ်ယာဉ်ဖြင့် ဟိုပုံးမြို့နယ် ကျောက်ကချားကျေးရွာရှိ UNODC နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဘိန်းအစားထိုး သီးနှံစိုက်ပျိုးရေးစီမံကိန်းသို့ ရောက်ရှိကြရာ ဒေသခံပြည်သူများက နိုင်ငံတော်အလံငယ်များဝှေ့ယမ်း၍ သောင်းသောင်းဖြဖြ ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းက မူးယစ်ဆေးဝါးလျော့နည်းပပျောက်ရေးအတွက် နိုင်ငံတော်က အမျိုးသားရေး တာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ပြီး ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများ၊ နိုင်ငံတော်အား မူးယစ်ဆေးဝါးလုံးဝကင်းစင်၍ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာစေရေး၊ ဘိန်းစိုက်ပျိုးမှုများ လျော့နည်းကျဆင်းရေးအတွက် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ် စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံတွင် ဘိန်းစိုက်ပျိုးမှုများ လျော့ချနိုင်ရန် ဘိန်းခင်းဖျက်ဆီးမှုများကို တိုးမြှင့်ဆောင်ရွက်ခဲ့မှုများ၊ ၂၀၁၁-၂၀၁၂ ခုနှစ် ဘိန်းစိုက်ရာသီအတွင်း ၂၃၅၈၄ ဒသမ ၈၅ ဟက်တာအထိ ဖျက်ဆီးနိုင်ခဲ့သဖြင့် ယခင်နှစ်ထက် သုံးဆကျော်ပိုမိုဖျက်ဆီးနိုင်ကာ ဘိန်းထုတ်လုပ်မှုကို လျှော့ချနိုင်ခဲ့မှုများနှင့် မူးယစ်ဆေးဝါးပပျောက်ရေးသည် မြန်မာနိုင်ငံတစ်နိုင်ငံတည်းဆောင်ရွက်၍ မရနိုင်သဖြင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့်ပါ အရှိန်အဟုန်မြှင့်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာကြသည်။

ကြည့်ရှုအားပေး

ထို့နောက် UNODC မှ တာဝန်ရှိသူများနှင့်ဒေသခံတိုင်းရင်းသား ပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး UNODC မှ ဒေသခံတိုင်းရင်းသားပြည်သူများအား ဆန်များပေးဝေနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တိုင်းရင်းသားများက ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးတို့အား ရိုးရာယဉ်ကျေးမှု လက်ဆောင်များကို ပေးအပ်ကြသည်။

ပေးအပ်

ထို့နောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့်ဇနီးနှင့်အဖွဲ့ဝင်များသည် ဟိုပုံးမြို့မှတစ်ဆင့် ဟဲဟိုးမြို့သို့ ပြန်လည်ထွက်ခွာလာကြပြီး ဟဲဟိုးလေဆိပ်ရှင်းလင်းဆောင်သို့ရောက်ရှိရာ ရှမ်းတိုင်းရင်းသူလေးများက ကျောက်စီပန်းချီကားကို လက်ဆောင်အဖြစ် ပေးအပ်သည်။

ယင်းနောက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်နှင့် ဇနီးနှင့်အဖွဲ့ဝင်များသည် ဟဲဟိုးလေဆိပ်မှ ထွက်ခွာလာရာ ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုလေ့လာ

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် H.E.Mr. BAN Ki-moon နှင့်ဇနီးတို့ ဘိန်းအစားထိုး သီးနှံ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခုလှုပ်

နေပြည်တော် ဧပြီ ၃၀

ယနေ့ ည ၇ နာရီ ၃၇ မိနစ် ၁၆ စက္ကန့်အချိန်တွင် ကမ္ဘာအေး မြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင် ၂၅၀ ခန့် ကွာဝေးသော မြန်မာ့ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၅ ဒသမ ၂ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ
အမျိုးသားကျွမ်းဘားအနုပညာအဖွဲ့ ဖျော်ဖြေတင်ဆက်

ရန်ကုန် ဧပြီ ၃၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကျွမ်းဘားအနုပညာအဖွဲ့၏ ဖျော်ဖြေပွဲကို ယမန်နေ့ညနေ ၆ နာရီခွဲတွင် ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့်ဇနီး ဒေါ်ခင်သက်ဌေး၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်းနှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ဦး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီး မစ္စတာလီကျွင်းဟွာနှင့် သံရုံးမှတာဝန်ရှိသူများ၊ အနုပညာဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်

ဖျော်ဖြေပွဲတွင် တရုတ်အမျိုးသား ကျွမ်းဘားအနုပညာအဖွဲ့က လှပချိန်ဆဘဲလေးအက၊ ပန်းကန်ပြား ပဒေသာပြကွက်၊ ကြိုးတန်းလျှောက်ပြကွက်၊ ထီးအလှပြကွက်၊ မြက်ဦးထုပ်လက်စွမ်းပြကွက်၊ ဒိုင်ယာဘိုလိုရွဲ့ အလှပြကွက်၊ ဟာသပြကွက်၊ ပျော့ပျောင်းလှစွာ လူ့ခန္ဓာပြကွက်၊ ကြိမ်ကွင်းပဒေသာ ပြကွက်၊ ဘောလုံးဖမ်းပြကွက်နှင့် စက်ဘီးစွမ်းရည်ပြကွက်များဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံ သံအမတ်ကြီးတို့က တရုတ်အမျိုးသား ကျွမ်းဘား အနုပညာအဖွဲ့ခေါင်းဆောင် Mr. Ye Chonghui ထံ ဂုဏ်ပြုပန်းခြင်းပေးအပ်ကာ တရုတ်အမျိုးသား ကျွမ်းဘားအနုပညာအဖွဲ့နှင့်အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ အနုပညာအဖွဲ့သည် ရန်ကုန်မြို့ အမျိုးသားဇာတ်ရုံတွင် ဧပြီ ၃၀ ရက်အထိ နှစ်ရက်ကြာ ဖျော်ဖြေတင်ဆက်မည်ဖြစ်ကြောင်းနှင့် ဖျော်ဖြေပွဲ လက်မှတ်ရောင်းရငွေများအား မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်းသို့ လှူဒါန်းမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖျော်ဖြေပွဲကျင်းပ

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ အမျိုးသားကျွမ်းဘား အနုပညာအဖွဲ့၏ ဖျော်ဖြေပွဲကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

မိုးပျံတာဝါတိုင်များနှင့် အဆောက်အအုံများကြောင့် နှစ်စဉ်ငှက်ကောင်ရေ ခုနစ်သန်းခန့်သေဆုံး

နယူးယောက် ဧပြီ ၃၀

အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံအလယ်ပိုင်းနှင့် တောင်အမေရိကနိုင်ငံများရှိ ဆက်သွယ်ရေးတာဝါတိုင်များ တိုးတက်များပြားလာမှုကြောင့် ယင်းတို့နှင့် တိုက်မိပြီး သေဆုံးသော ကျေးငှက်များအရေအတွက်တိုးမြင့်လာရာ နှစ်စဉ်သေဆုံးသောငှက်ကောင်ရေမှာ စုစုပေါင်း ၇၀၀၀၀၀၀ ခန့်ရှိကြောင်း အမေရိကန်နိုင်ငံသုတေသနဂျာနယ်တစ်စောင်၌ ဖော်ပြထားသည်ဟု ဧပြီ ၃၀ ရက်က အင်တာနက်သတင်းတွင် ဖော်ပြသည်။

မြောက်အမေရိကနိုင်ငံများတွင် နေရာအနှံ့အပြား၌ စိုက်ထူထားသော ပေ ၂၀၀၀ နီးပါးမြင့်မားသည့် ဆက်သွယ်ရေးတာဝါတိုင်များနှင့် တိုက်မိပြီးသေဆုံးသော ငှက်အရေအတွက်မှာ ၈၄၀၀၀ ခန့်ရှိကြောင်း ဖော်ပြထားသည်။ **(အပေါ်ပုံ)**

အမေရိကန်နိုင်ငံရှိ ပေ ၁၂၅၀ မြင့်သော အင်ယာပါစတိတ်အဆောက်အအုံနှင့် အိတ်ဖွန်ဗာလ်ဒက်ဇ်ရေန်တူးဖော်ရေးစင်တို့ဖြင့်တိုက်မိပြီးသေဆုံးသည့် ငှက်အရေအတွက်မှာ ၂၅၀၀၀၀ ခန့်ရှိသည်။ မိုးပျံအဆောက်အအုံများ၊ မိုးမျှော်တာဝါတိုင်များ တစ်နေ့တခြားတိုးတက်များပြားလာမှုကြောင့် ငှက်များသေဆုံးမှုတိုးမြင့်လာရခြင်းဖြစ်သည်။

ငှက်များသေဆုံးမှုတွင် ပင်လယ်ရေပြင်၌ ရေနံယိုဖိတ်မှုများကြောင့်လည်း သေဆုံးရပြီး မိုးပျံအဆောက်အအုံများ၊ မိုးပျံတာဝါတိုင်များနှင့်တိုက်မိပြီး သေဆုံးမှုများကြောင့် ငှက်ကောင်ရေ ပိုမိုသေဆုံးနေရခြင်းဖြစ်သည်။ အဆိုပါ ကျေးငှက်များမှာ နွေဦးရာသီနှင့်ဆောင်းဦးရာသီများတွင် တစ်နေရာမှ တစ်နေရာသို့ အုပ်စုလိုက်ပြောင်းရွှေ့ကျက်စားလေ့ရှိရာမှ ယခုကဲ့သို့ မိုးပျံအဆောက်အအုံများ၊ မိုးပျံတာဝါတိုင်များဖြင့် တိုက်မိပြီး သေဆုံးကြရခြင်းဖြစ်သည်ဟု သတင်း၌ဖော်ပြထားသည်။ **(အင်တာနက်)**

ကုလငြိမ်းချမ်းရေးတပ်ဖွဲ့နှင့်ပူးတွဲတာဝန်ထမ်းဆောင်ရန် အင်ဒိုနီးရှားစစ်သင်္ဘောစေလွှတ်မည်

ဂျကာတာ ဧပြီ ၃၀

လက်ဘနွန်နိုင်ငံတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့နှင့်အတူ ပူးတွဲတာဝန်ထမ်းဆောင်ရန် အင်ဒိုနီးရှားစစ်သင်္ဘောတစ်စင်းကို မေလလယ်၌ စေလွှတ်ရန် စီစဉ်ထားကြောင်း အင်ဒိုနီးရှားစစ်ဘက်က ဧပြီ ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားနိုင်ငံက ကေအာအိုင်အက်စ်အိုင်အမ်-၃၆၇အမည်ရှိ စစ်သင်္ဘောတစ်စင်းကို ယခင်က လက်ဘနွန်နိုင်ငံရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့နှင့်ပူးတွဲထမ်းဆောင်စေလျက်ရှိရာ ယင်းသင်္ဘောနေရာ၌ ယခုသင်္ဘောဖြင့် အစားထိုးတာဝန်ထမ်းဆောင်စေခြင်းဖြစ်သည်။

ယခုစေလွှတ်မည့် အိတ်ချ်အက်စ်အင်န်-၃၆၃ အမည်ရှိ စစ်သင်္ဘောသည် နယ်သာလန်နိုင်ငံ ချီဒီလီနာဗယ်သင်္ဘောကုမ္ပဏီမှ တည်ဆောက်ထားသောသင်္ဘောသစ်ဖြစ်သည်။ **(အင်တာနက်)**

ကိုလံဘီယာမှ လိပ်လူသား ဒီဒီရာမွန်တာဗိုအား အင်္ဂလန်ဆရာဝန်များ ခွဲစိတ်ကုသပေးမည်

လန်ဒန် ဧပြီ ၃၀

ကိုလံဘီယာနိုင်ငံ ကျေးရွာတစ်ရွာတွင် နေထိုင်သော အသက်ခြောက်နှစ်အရွယ် ဒီဒီရာမွန်တာဗို **(အောက်ယာပုံ)** အမည်ရှိ ယောက်ျားလေးတစ်ဦးသည် မွေးဖွားကတည်းက ပါရှိလာသော မှဲ့ကဲ့သို့အသားပိုမှာ တဖြည်းဖြည်းကြီးထွားလာရာ သူ၏ကျောဘက်တွင် လိပ်တစ်ကောင်၏ ကျောခွံတစ်ခုသဖွယ် ဖြစ်နေရာက လိပ်လူသားဟု အများက ခေါ်ခြင်းခံနေရရာမှ ယခုအခါ ဆရာဝန်များက ခွဲစိတ်ကုသပေးရန် စီစဉ်နေကြောင်း ဧပြီ ၃၀ ရက်က အင်တာနက်သတင်း၌ ဖော်ပြသည်။

ဖြစ်နိုင်

ရင်သွေးမွေးဖွားမှု ၂၀၀၀၀ တွင် တစ်ဦးသာ ဖြစ်ပွားတတ်လေ့ရှိသည့် အဆိုပါအသားပိုကြီးထွားမှုသည် တဖြည်းဖြည်း အရွယ်ရောက်လာသည်နှင့်အမျှ ကျောပြင်တစ်ခုလုံးနီးပါးမျှ ဖုံးအုပ်ပျံ့နှံ့နေသဖြင့် လိပ်၏ကျောခွံသဖွယ် ဖြစ်နေသည်။ ဒီဒီရာမွန်တာဗို၏ မိခင်ဖြစ်သူ လုဇ်၏ ပြောပြချက်အရ ဒီဒီရာမွန်တာဗိုအား ကိုယ်ဝန်ဆောင်ထားစဉ် နေကြတ်မှုဖြစ်ပေါ်နေချိန်၌ ကြည့်ရှုမိခဲ့၍ ဖြစ်နိုင်ကြောင်း ပြောပြသည်။ သို့သော် ဆရာဝန်များကမူ မျိုးဗီဇဆဲလ်များ ထူးခြားစွာ ပြောင်းလဲမှုကြောင့်ဟု ဆိုသည်။

ဒီဒီရာမွန်တာဗို၏ ကျောဘက်မှ အသားပိုကို မိဘများကခွဲစိတ်ကုသလိုသော်လည်း ဆင်းရဲချို့တဲ့မှုကြောင့် ခွဲစိတ်ကုသမှု မပြုလုပ်နိုင်ခဲ့ကြချေ။ တစ်ဖန် ခွဲစိတ်ကုသမှု ခံယူပါကလည်း အသက်အန္တရာယ် ထိခိုက်နိုင်သဖြင့် မိဘများမှာ သားငယ်အတွက် ဆုံးဖြတ်ချက်မချနိုင်ဖြစ်နေခဲ့သည်။

ခွဲစိတ်ကုသ

ယခုအခါ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ ဂရိတ်တော်မွန်စတိစ်ဆေးရုံမှ ခွဲစိတ်အထူးကု ဆရာဝန်များက ခွဲစိတ်ကုသပေးနိုင်ရေးအတွက် ဒီဒီရာမွန်တာဗိုအား စစ်ဆေးရန် ၎င်းနေထိုင်ရာ ကျေးရွာသို့ သွားရောက်နေကြပြီဖြစ်သည်။

၎င်းဆရာဝန်များအဖွဲ့သည် ယခုကဲ့သို့သော ကလေးငယ်များ၌ ဖြစ်တတ်လေ့ရှိသည့် အသားပိုများ ခွဲစိတ်ကုသမှုကို အကြိမ် တစ်ဒါဇင်ကျော်မျှ အောင်မြင်စွာ ခွဲစိတ်ကုသပေးနိုင်ခဲ့ကြသူများဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

ကာဒစ္စတန်အာဏာပိုင်များ လက်နက်ကြီးများအပ်နှံရန် အီရတ်အမတ်တောင်းဆို

အီရတ်ထိပ်တန်းအမတ် ဆာမိအယ်အက်ကာရီ။

ဘဂ္ဂဒက် ဧပြီ ၃၀

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်ကျဆုံးပြီးနောက် သိမ်းဆည်းထားသည့် လက်နက်ကြီးများကို အီရတ်နိုင်ငံရှိ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ကာဒစ္စတန်ဒေသအာဏာပိုင်များက အီရတ်အစိုးရထံလွှဲပြောင်းပေးအပ်ရန် အီရတ်ထိပ်တန်းအမတ်တစ်ဦးဖြစ်သူ ဆာမိအယ်အက်ကာရီက တောင်းဆိုလိုက်သည်။

ပြောကြား

အီရတ်ဖွဲ့စည်းပုံ အခြေခံဥပဒေက ဒေသန္တရအုပ်ချုပ်ရေးအစိုးရများလက်တွင် လက်နက်ကြီးများကိုင်ဆောင်ထားခွင့်မပေးကြောင်း အီရတ်ဝန်ကြီးချုပ် အယ်မာလီကီနှင့်ရင်းနှီးသူ အီရတ်အမတ် ဆာမိအယ်အက်ကာရီက ဧပြီ ၂၉ ရက်တွင် ပြောကြားလိုက်သည်။

ကာဒစ္စတန်ဒေသအစိုးရ (ကေအာရ်ဂျီ)အနေဖြင့် အီရတ်နိုင်ငံအတွင်း စည်းစည်းလုံးလုံးဖြင့် ဆက်လက်နေထိုင်ရန် ရည်ရွယ်လျှင် အဆိုပါတင့်ကားများနှင့် စစ်လေယာဉ်များကို အီရတ်အစိုးရထံ အပ်နှံရန်လိုအပ်ကြောင်း ၎င်းက ထည့်သွင်းပြောကြားသည်။ **(အင်တာနက်)**

တောင်ဆူဒန်နိုင်ငံအတွက် တရုတ်ငွေချေးရန် သဘောတူညီ

ပေကျင်း ဧပြီ ၃၀

တောင်ဆူဒန်နိုင်ငံ၏ အဓိကအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေဒေါ်လာ ၈ ဘီလီယံပေးရန် တရုတ်နိုင်ငံက သဘောတူလိုက်ကြောင်း တောင်ဆူဒန်နိုင်ငံက ကြေညာသည်။

အဆိုပါငွေကြေးကို လယ်ယာစိုက်ပျိုးရေးအခြေခံအဆောက်အအုံ၊ ကြေးနန်းဆက်သွယ်ရေးလုပ်ငန်းနှင့် ရေအားလျှပ်စစ်စီမံကိန်းများတွင် သုံးစွဲမည်ဖြစ်ကြောင်း တောင်ဆူဒန်ပြန်ကြားရေးဝန်ကြီး ဘာနာဘာမာရီယယ်က ဧပြီ ၂၉ ရက်တွင် ပြောကြားသည်။

စီမံကိန်းအသေးစိတ်လုပ်ငန်းများကို မိမိတို့နှစ်နိုင်ငံဝန်ကြီးများနှင့် တရုတ်ကုမ္ပဏီများက တွေ့ဆုံညှိနှိုင်းသတ်မှတ်ကြမည်ဖြစ်ကြောင်း တောင်ဆူဒန်ပြန်ကြားရေးဝန်ကြီး ဘာနာဘာမာရီယယ်က ပြောကြားသည်။ **(အင်တာနက်)**

အိန္ဒိယနိုင်ငံတွင် မိုးကြိုးထိမှန်၍ လူကိုးဦးသေဆုံး

နယူးဒေလီ ဧပြီ ၃၀

အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂေါပြည်နယ်အရှေ့ပိုင်းတွင် မိုးကြိုးပစ်ချမှုတစ်ရပ်ဖြစ်ပွားရာ လူရှစ်ဦးသေဆုံးကြောင်း၊ ထိခိုက်ဒဏ်ရာရသူ ၁၅ ဦးရှိကြောင်း ရဲဝန်ထမ်းများက ဧပြီ ၃၀ ရက်တွင် ပြောကြားသည်။

ဟောဝတ်ရှ်ခရိုင်အတွင်းရှိ ဥဒေနာရာရန်ပူဒေသတွင် ဧပြီ ၂၉ ရက်က အဆိုပါမိုးကြိုးပစ်ချမှုဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ယင်းအချိန်က မိုးများသည်းထန်စွာ ရွာသွန်းလျက်ရှိရာ လူအများက အဆောက်အအုံတစ်ခုအတွင်း ခိုလှုံနေစဉ် မိုးကြိုးပစ်ချမှုဖြစ်ပွားခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ **(ယာပုံ)**

ဆိုးရွားလျက်ရှိ

မိုးကြိုးပစ်ခံရသူများမှာ ရိုးရာပွဲတော်အပြီး အိမ်ပြန်လာရာခရီး၌ ယခုလိုအဖြစ်ဆိုးနှင့် ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။ ဒဏ်ရာရသူများတွင် အချို့သူများ၏အခြေအနေသည် သေရေးရှင်ရေးတမျှ ဆိုးရွားလျက်ရှိနေကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၃၀-၄-၂၀၁၂

တင်မောင်လွင်-စုစည်းသည်

လေကြောင်းနှင့် ရေကြောင်းဆိုင်ရာဂြိုဟ်တုနှစ်လုံး တရုတ်လွှတ်တင်

တရုတ်နိုင်ငံက ၎င်း၏ (၁၂)ကြိမ်နှင့် (၁၃) ကြိမ်မြောက် Beidou အမည်ရှိ လေကြောင်းနှင့်ရေကြောင်းဆိုင်ရာ ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကို ဧပြီ ၃၀ ရက် ပေကျင်းစံတော်ချိန် နံနက် ၄ နာရီ မိနစ် ၅၀ က အာကာသအတွင်းသို့ အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း၊ ၎င်းဂြိုဟ်တုများကို နိုင်ငံတကာလေကြောင်းနှင့် ရေကြောင်းဆိုင်ရာဂြိုဟ်တုကွန်ရက်များနှင့် ချိတ်ဆက်သွားမည်ဖြစ်ကြောင်း ဂြိုဟ်တုလွှတ်တင်ရေးဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါဂြိုဟ်တုနှစ်လုံးကို တရုတ်နိုင်ငံအနောက်တောင်ပိုင်း စီချွမ်ပြည်နယ် ဇီချန်ဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ Long March-3B အာကာသဒုံးကျည်ဖြင့် သယ်ဆောင်သွားပြီး ဂြိုဟ်ပတ်လမ်းအတွင်း ဝင်ရောက်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ဒုံးကျည်တစ်စင်းတည်းဖြင့် အဆိုပါလေကြောင်းနှင့် ရေကြောင်းဆိုင်ရာဂြိုဟ်တုနှစ်လုံး လွှတ်တင်ခြင်းသည် တရုတ်နိုင်ငံ၏ပထမဆုံးအကြိမ်ဖြစ်သည်ဟု ဆိုသည်။

ဩစတြေးလျစီးပွားရေးလုပ်ငန်းရှင် တိုင်တန်းနစ်ပုံစံသင်္ဘောတည်ဆောက်မည်

ဩစတြေးလျစီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သည့် ကလိုက်ဗ ပဲလ်မာသည် ခေတ်မီတိုင်တန်းနစ်သင်္ဘောပုံစံတည်ဆောက်ခြင်းဖြင့် အပျော်စီးသင်္ဘော စီးပွားရေးလုပ်ငန်းခွင်အတွင်း ဝင်ရောက်မည့်အစီအစဉ်များအား ထုတ်ဖော်ပြောကြားခဲ့ကြောင်း ဒေသဆိုင်ရာမီဒီယာများက ဧပြီ ၃၀ ရက်တွင် သတင်းထုတ်ပြန်သည်။ အဆိုပါတိုင်တန်းနစ်-၂ တည်ဆောက်ရန်အတွက် တရုတ်ပိုင်ကုမ္ပဏီတစ်ခုဖြစ်သည့် CSC ကျီလင်းသင်္ဘောကျင်းကုမ္ပဏီနှင့် နားလည်မှုသဘောတူ စာချုပ်မူကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း သတင်းထုတ်ပြန်ရေးအဖွဲ့ (အေပီပီ)က ထုတ်ပြန်ခဲ့သည်။ အဆိုပါ အပျော်စီးသင်္ဘောကို ၂၀၁၆ ခုနှစ်နှောင်းပိုင်းတွင် အင်္ဂလန်မှ အမေရိကမြောက်ပိုင်းသို့ အလယ်အလတ်ပင်လယ်ရေကြောင်းခရီးစဉ်အဖြစ် ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ရုရှားနိုင်ငံ မြောက်ကော့ကေးဆပ်၌ ဗုံးခွဲ၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ရုရှားနိုင်ငံ ကော့ကေးဆပ်ဒေသရှိ ဓာတ်ဆီဆိုင်တွင် ဧပြီ ၂၇ ရက်က ဗုံးပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသွားကြောင်း အာဏာပိုင်များက ပြောကြားသည်။ ရဲတပ်ဖွဲ့ပိုင်မော်တော်ယာဉ်ချဉ်းကပ်လာစဉ် အင်ဂူရှီးရှားပြည်နယ် ဆာဂေါ့ရှီမှ ဓာတ်ဆီဆိုင်တွင် ဗုံးပေါက်ကွဲခြင်းဖြစ်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်က ပြောကြားသည်။ ရဲတပ်ဖွဲ့ဝင်နှစ်ဦးမှာ ဗုံးခွဲတိုက်ခိုက်ခံရသည့်အတွက် ပွဲချင်းပြီးသေဆုံးသွားကြောင်း၊ ကျန်ရဲတပ်ဖွဲ့ဝင်တစ်ဦးမှာ ဒဏ်ရာရသဖြင့် ဆေးရုံသို့ တင်ပို့လိုက်ရသည်ဟုဆိုသည်။ (အင်တာနက်)

ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းနှင့် ဥပဒေကြမ်း(၁)ခု မှတ်တမ်းတင်ခြင်းတို့ဆောင်ရွက်

နေပြည်တော် ဧပြီ ၃၀

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယကဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၆၀၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်း၊ ဥပဒေကြမ်း(၁)ခု မှတ်တမ်းတင်ခြင်း၊ လွှတ်တော်ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းနှင့် လွှတ်တော်အခွင့်အရေး ပူးပေါင်းကော်မတီ၏ အစီရင်ခံစာတင်ပြခြင်းတို့ကို ဆောင်ရွက်ကြသည်။

အလားအလာကောင်းမွန်

ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားခြင်းကဏ္ဍ၌ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်းပြောကြားရာတွင် ယခုကျင်းပသော ပြည်ထောင်စုလွှတ်တော်အထူးအစည်းအဝေးကြီးတွင် ပါဝင်တက်ရောက်ခွင့်ရသည်မှာ မိမိအတွက်အထူးအခွင့်အရေးပင်ဖြစ်ပါကြောင်း၊ ဤပြည်ထောင်စုလွှတ်တော်အစည်းအဝေးကြီး၌ မိန့်ခွန်းပြောခွင့်ရသော ပထမဆုံးဧည့်သည်ဖြစ်ရသည့်အတွက် မိမိအထူးပင်ဂုဏ်ယူပါကြောင်း၊ ဤတိုင်းပြည်ကြီး၏ စွမ်းပကားကို မိမိအထူးပင်ယုံကြည်ပါကြောင်း၊ ထို့ပြင်မက မြန်မာနိုင်ငံရှိ ပြည်သူပြည်သားတို့၏ အနာဂတ်အလားအလာ ကောင်းမွန်မှုကို မိမိယုံကြည်ပါကြောင်း။

ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် ပိုမိုကျယ်ပြန့်သော ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးဖွင့်လှစ်နိုင်စေရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်း၊ မိမိတို့သည် အပြုသဘောဆောင်သော ဆက်ဆံရေး (Constructive engagement)ကို ကျင့်သုံးခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေး၊ ဒီမိုကရေစီနှင့် ဖွံ့ဖြိုးမှုရေရှည်ရှိနိုင်ရန်၊ နိုင်ငံတကာထောက်ပံ့အားပေးမှုရရှိရန် လူသိရှင်ကြားဆောင်ရွက်ခဲ့ပါကြောင်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်အနေဖြင့် မိမိလာရောက်ခဲ့ခြင်းမှာ သုံးကြိမ်ရှိပြီဖြစ်ပါကြောင်း၊ ၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းအပြီး ခက်ခဲမှုနှင့် ရင်ဆိုင်နေရသောအချိန်ကာလတွင် အပြည်ပြည်ဆိုင်ရာအကူအညီများရရှိနိုင်ရန် ကုလသမဂ္ဂက ကူညီနိုင်ခဲ့ပါကြောင်း၊ ထိုအချိန်ကတည်းက ဒုက္ခများစွာကြားထဲကပင် မြန်မာနိုင်ငံသည် သိသာထင်ရှားသောပြောင်းလဲမှုအတွက် အလားအလာရှိကြောင်း မိမိတို့ တွေ့မြင်နိုင်ခဲ့ပါကြောင်း။

၂၀၀၉ ခုနှစ်တွင် မိမိနောက်တစ်ကြိမ်ပြန်လာခဲ့ပါကြောင်း၊ ငြိမ်းချမ်းမှုဖော်ဆောင်လာခြင်း၊ ဖွံ့ဖြိုးမှုနှင့် လူ့အခွင့်အရေးတို့သည် မြန်မာနိုင်ငံသားအားလုံး လိုလားနေသော အနာဂတ်၏ တူညီသောအစိတ်အပိုင်းဖြစ်သည်ဟု မိမိသည် မိတ်ဆွေကောင်းတစ်ယောက်အနေဖြင့် ပွင့်ပွင့်လင်းလင်း ပြောကြားခဲ့ပါကြောင်း၊ ယနေ့ မိမိသည် သမိုင်းသစ်ကို ရေးဆွဲနေသော မြန်မာနိုင်ငံသို့ ထပ်မံရောက်ရှိလာခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတစ်ဝန်း ဖြစ်ပေါ်နေသော ထင်ရှားသည့် ပြောင်းလဲမှုကြီးများသည် ကမ္ဘာကို စိတ်ဓာတ်တက်ကြွစေခဲ့ပါကြောင်း၊ မြန်မာပြည်သူတို့၏ မျှော်မှန်းချက်များသည် ထို့ထက်ပိုမြင့်မားသည်ကို မိမိတို့ သိရှိပါကြောင်း၊ အပြည်ပြည်ဆိုင်ရာ အသိုင်းအဝိုင်းတွင် မြန်မာနိုင်ငံသည် လေးစားခြင်းခံရသော တာဝန်သိအဖွဲ့ဝင်နိုင်ငံအဖြစ် မကြာမီပြန်လည်ရောက်ရှိလာမယ်ဟု မိမိလုံးဝ ယုံကြည်ပါကြောင်း။

အပြောင်းအလဲမြန်ဆန်သောကမ္ဘာကြီးတွင် မြန်မာနိုင်ငံသည် မိမိ၏ အိမ်နီးချင်း အာရှနိုင်ငံများကို မြန်ဆန်စွာလိုက်မီလာမည်ဟုလည်း မိမိသံသယကင်းစွာ ယုံကြည်ပါကြောင်း၊ ငြိမ်းချမ်းမှု၊ ဒီမိုကရေစီနှင့် ကြွယ်ဝချမ်းသာမှု ဖော်ဆောင်လာနိုင်ရေးအတွက် မြန်မာနိုင်ငံသည် ၂၁ ရာစုနှစ်၏ စံပြဖြစ်လာနိုင်သည်ဟုလည်း မိမိအကြွင်းမဲ့ယုံကြည်ပါကြောင်း၊ ဤလမ်းကြောင်းပေါ် ဆက်လျှောက်ရန် မိမိတိုက်တွန်းပါကြောင်း၊ အတူတကွ ဤလမ်းကြောင်းပေါ် လျှောက်လှမ်းရန်လည်း အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကို တောင်းဆိုပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများအနေဖြင့် ကုလသမဂ္ဂနှင့် မိမိအား ယုံကြည်အားကိုးနိုင်ကြောင်းဖြင့် ပြောကြားလိုပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားအားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်တည်ဆောက်နိုင်ရန် မိမိတို့ အတူတကွ လုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း။

လမ်းမှန်ညွှန်ပြ

လွှတ်တော်ကိုယ်စားလှယ်ကြီးများ လျှောက်ရမည့်လမ်းသည် စိတ်ဝင်စားဖွယ် ကောင်းသကဲ့သို့ လွယ်ကူမည်လည်းမဟုတ်ပါကြောင်း၊ လွှတ်တော်ကြီးအနေဖြင့် ပြည်သူများတောင့်တလိုလားနေသော ဒီမိုကရေစီနှင့် ပိုမိုကောင်းမွန်သောဘဝကိုပြောင်းလဲမှုများမှတစ်ဆင့် ဖော်ဆောင်နိုင်မည် မျှော်လင့်ပါကြောင်း၊ အန္တရာယ်ရန်စွယ်များ မြောက်မြားစွာရှိပါကြောင်းနှင့် အောင်မြင်မှုအတွက် ပုံသေလုပ်ဆောင်၍ မရနိုင်ပါကြောင်း၊ ဤရွှေနိုင်ငံသည် လူသားနှင့် သဘာဝအရင်းအမြစ်ကြွယ်ဝသောနိုင်ငံဖြစ်ပါကြောင်း၊ ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမ တရားတော်များသည် သမိုင်းခေတ်ကာလများတစ်လျှောက် တည့်မတ်အောင် လမ်းမှန်ညွှန်ပြခဲ့ပါကြောင်း။

မြန်မာပညာရှိကြီးများသည် ဆန္ဒာဓိပတိ၊ စိတ္တာဓိပတိ၊ ဝီရိယဓိပတိ၊ ဝိမံသာဓိပတိ ဟူသော အဓိပတိတရားလေးပါးကို ပညာယှဉ်တွဲကျင့်သုံးခဲ့ပါကြောင်း၊ ဤတရားများသည် မြန်မာနိုင်ငံသားများ၏ ကိုယ်ကျင့်တရားတွင် ရှိနေပါကြောင်း၊ ယဉ်ကျေးမှုပေါင်း စုံလင်သော ပိုမိုကျယ်ပြန့်သည့် ကမ္ဘာကြီးတွင် ဤသွန်သင်ဆုံးမမှုများသည် အောင်မြင်မှုအတွက် အင်အားပင်ဖြစ်ပါကြောင်း၊ ဤတရားလေးပါး၏ မိမိတို့အပေါ် လွှမ်းမိုးသက်ရောက်မှုကို မိမိရှင်းလင်းဆွေးနွေးလိုပါကြောင်း၊ ဦးစွာပထမ ဆန္ဒာဓိပတိတရားတွင် ဆန္ဒသည် ဤနေရာတွင် နိုင်ငံရေးဆန္ဒ (Political Will) နှင့် ခေါင်းဆောင်မှုပင်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံကို ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းပေါ်သို့ တင်ဆောင်ပေးခဲ့သော သမ္မတကြီး ဦးသိန်းစိန်၏ အမြော်အမြင်ရှိမှု၊ ခေါင်းဆောင်မှုနှင့် ရဲရင့်ပြတ်သားမှုတို့အတွက် မိမိဂုဏ်ယူပါကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် ပါဝင်ခဲ့ခြင်းဖြင့် နိုင်ငံရေးဖြစ်စဉ်များတွင်ပါဝင်ခဲ့သည့်အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့်တကွ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အပါအဝင် အခြားပုဂ္ဂိုလ်အဖွဲ့အစည်းများကို မိမိဂုဏ်ပြုလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ပြန်လည်သင့်မြတ်ရေး၊ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးမှုတို့၏ စိန်ခေါ်မှုများကို ကောင်းစွာရင်ဆိုင်နိုင်မည်ဟု မိမိတို့ယုံကြည်ပါကြောင်း၊ သို့ရာတွင် ယင်းသို့ဖြစ်မြောက်နိုင်ရန်အတွက် မိတ်ဆွေ

မိန့်ခွန်းပြောကြား

ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း ပြည်ထောင်စုလွှတ်တော်သို့ မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

တို့၏စိတ်ဓာတ်ခိုင်မာခြင်းနှင့် တူညီစွာ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းတို့ လိုအပ်ပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုလမ်းကြောင်းသည် သိမ်မွေ့ပြီး ရေရာခြင်း မရှိသကဲ့သို့ နောက်ပြန်လှည့်၍လည်း မရနိုင်ပါကြောင်း။

ဒေသတွင်းနှင့် ကမ္ဘာ့စီးပွားရေးနယ်ပယ်များသည် ပိုမိုကြီးထွားလာသည်နှင့်အမျှ ပြည်သူများ၊ အထူးသဖြင့် လူငယ်များ၏ မျှော်လင့်ချက်များသည် ကြီးမားလာပါကြောင်း၊ ဤစိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ရန် ခိုင်မြဲသောအပြောင်းအလဲဖြစ်လာနိုင်ရန် မိမိတို့ပူးပေါင်းပြီး နိုင်ငံရေးဆန္ဒ (Political Will)အပြည့်အဝထားရှိကြရမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကျင်းပခြင်းနှင့် ပွင့်လင်းသောအစိုးရရှိခြင်းတို့သည် ဒီမိုကရေစီ၏သော့ချက်များဖြစ်ပါကြောင်း၊ သို့ရာတွင် ၎င်းတို့နှင့်အတူ ကောင်းမွန်သော နိုင်ငံရေးရာသီဥတုရှိနေရန်လည်း လိုအပ်ပါကြောင်း၊ ဒုတိယအနေဖြင့် မတူကွဲပြားမှုကြုံကြိုက်သည့်အခါများတွင်ထားရှိရန် လိုအပ်သော အပြုသဘောဆောင်သည့် ဆန္ဒဖြစ်ပါကြောင်း၊ သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် နိုင်ငံတော်၏အကျိုးအတွက် နိုင်ငံရေးကို ကျော်လွှားနိုင်သော ကိုယ့်ကိုယ်ကိုယုံကြည်မှုနှင့် နိုင်ငံခေါင်းဆောင် အရည်အချင်းပြည့်ဝမှုကို ဖော်ဆောင်ပြသနိုင်ခဲ့ပါကြောင်း၊ အဖွဲ့အစည်းများအကြားတွင် မတူကွဲပြားမှုများရှိကြမည်ဆိုသည်မှာ ထူးဆန်းသည့် ကိစ္စမဟုတ်ပါကြောင်း၊ ထိုမတူကွဲပြားမှုများသည် ကြီးမားနိုင်သကဲ့သို့ အသေးအမွှားလည်း ဖြစ်နိုင်ပါကြောင်း၊ ယခုကျမ်းသစ္စာကျိန်ဆိုမှုနှင့် ပတ်သက်ပြီး ဖြစ်ပေါ်နေသလိုပင်ဖြစ်ပါကြောင်း၊ ယင်းကိစ္စများကိုလည်း နိုင်ငံတော်၏ ရေရှည်အကျိုးနှင့် ၎င်းတို့၏လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် လူကြီးမင်းတို့၏ ခေါင်းဆောင်မှုနှင့်ရလဒ်ကို မျှော်ကိုးအားကိုးနေကြသော ပြည်သူများ၏အကျိုးကို အလေးထားပြီး လူကြီးမင်းတို့အနေဖြင့် ဖြေရှင်းသွားနိုင်မည်ဟု မိမိယုံကြည်ပါကြောင်း။

လမ်းဖွင့်ပေးရန်လိုအပ်

ရှုပ်ထွေးကျယ်ပြန့်သော မြန်မာနိုင်ငံအရေးများကို ဖြေရှင်းနိုင်ရန် ဦးတည်ချက်ချင်းတူညီရန်လိုပါကြောင်း၊ ထိပ်တိုက်ရင်ဆိုင်ခြင်းနှင့် ဖိနှိပ်ခြင်းကို ကျင့်သုံးခဲ့ကြသော်လည်း အောင်မြင်မှု မရရှိခဲ့ပါကြောင်း၊ ရင့်ကျက်သော ဒီမိုကရေစီဖော်ဆောင်နိုင်ရန် နိုင်ငံရေးမျိုးဆက်သစ်များ၏ ကြီးမားသောအင်အားများကိုစုစည်းပြီး အသုံးချနိုင်ရန်လိုအပ်ကြောင်းဖြင့် သမ္မတ ဦးသိန်းစိန်က ပြောကြားခဲ့ပါကြောင်း၊ တပ်မတော်အပါအဝင် မြန်မာနိုင်ငံ၏ လူမှုအဖွဲ့အစည်းအတွင်းဖြစ်ပေါ်နေသော မျိုးဆက်သစ်ပြောင်းလဲမှုသည် အားလုံး၏ နားလည်မှု၊ စည်းလုံးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုလိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးမှုမှ တရားဥပဒေစိုးမိုးမှုသို့ လည်းကောင်း၊ ငြိမ်းချမ်းတည်ငြိမ်ရေးမှ လူ့အခွင့်အရေးသို့လည်းကောင်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် (Reform Agenda) ဖြင့် သဘောတရား (Policy) ဆိုင်ရာ ဦးစားပေးချက်များ ချမှတ်နိုင်ပါကြောင်း၊ ဤလွှတ်တော်သည် မြန်မာနိုင်ငံ ဒီမိုကရေစီအကူးအပြောင်း၏ ဗဟိုချက် ဖြစ်ပါကြောင်း၊ ဤနေရာတွင် တိုင်းရင်းသားပေါင်းစုံ၊ ဘာသာပေါင်းစုံနှင့် အဖွဲ့အစည်းပေါင်းစုံတို့မှ ကိုယ်စားလှယ်များ စုစည်းနေကြပါကြောင်း၊ ဤနေရာတွင် ပါတီပေါင်းစုံတို့က လက်တွဲပြီး ပြောင်းလဲမှုအတွက် အားလုံးပါဝင်သော အမျိုးသားလုပ်ငန်းစဉ် (National Agenda) ရေးဆွဲကြရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကကြီး ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းတို့၏ ဦးဆောင်မှုဖြင့် လွှတ်တော်၏ လုပ်ငန်းစဉ်အတွင်း ဆောင်ရွက်နိုင်ရန် အခွင့်အလမ်း ပိုမိုရရှိနိုင်ပါကြောင်း၊ စစ်မှန်သောပူးပေါင်းဆောင်ရွက်မှုရှိသည့် ဖွံ့ဖြိုးမှုရရှိရန် ဒီမိုကရေစီရှင်သန်နိုင်စေသော စိမ့်စမ်းမြောက်မြားစွာ လိုအပ်ပါကြောင်း၊ ထိုသို့ဖြစ်မြောက်နိုင်ရန် ပြည်သူများ၏အသံကို နားထောင်ရန်လိုအပ်ပါကြောင်း၊ အမျိုးသားနိုင်ငံရေး အဆင့်ဆင့်တွင် ပြည်သူများပါဝင်နိုင်ရန် နိုင်ငံရေးတွင် လမ်းဖွင့်ပေးရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံသစ်တည်ဆောက်ရာတွင် အမျိုးသမီးများ၊ လူငယ်များ၊ ကျေးလက်နေဆင်းရဲသူများ၊ တိုင်းရင်းသားလူမျိုးစုများ၊ ဘာသာရေးအဖွဲ့အစည်းများ၊ မီဒီယာများ၊ လူမှုလူတန်းစားအဖွဲ့အစည်းများအားလုံး ကဏ္ဍအသီးသီးတွင် ပါဝင်နိုင်ပါကြောင်း၊ တတိယမှာ ဝီရိယာဓိပတိတရားပင် ဖြစ်ပါကြောင်း၊ ဝီရိယာဓိပတိတရားမပါသော အလုပ်သည် လိုအပ်သောရလဒ်မရရှိနိုင်ပါကြောင်း၊ မြန်မာနိုင်ငံသူ နိုင်ငံသားများ၏ မျှော်လင့်ချက်များမြင့်မားပါကြောင်း၊ သူတို့သည် ပြုပြင်ပြောင်းလဲမှုဆောင်ရွက်သည့် နေရာ၌ ဤလွှတ်တော်ကြီးက အရှိန်အဟုန်မြှင့်တင်စေလိုသည့်ဆန္ဒရှိပါကြောင်း၊ ထို့ကြောင့် ဝိမံသာဓိပတိတရားဖြစ်သည့် ပညာလိုအပ်ပါကြောင်း၊ စစ်မှန်သောခေါင်းဆောင်မှုသည် ပညာအပေါ် အခြေပြုပါကြောင်း၊ နိုင်ငံတိုင်းတွင် မိမိပြည်သူများ၏ လိုအပ်ချက်၊ မျှော်မှန်းချက်များနှင့် ကိုက်ညီသည့် တိုးတက်ရေးလမ်းကြောင်းပေါ် လျှောက်ရပါကြောင်း။

အသိတရားနှင့် ဉာဏ်ပညာပြည့်ဝမှုဖြင့် မြန်မာနိုင်ငံတွင်ပါတီအဖွဲ့အစည်းများ၏ အစွမ်းအစ အပြည့်အဝအသုံးချနိုင်ပါကြောင်း၊ တရားသေလမ်းကြောင်းတွင်သာ ပိတ်ညှပ်နေရခြင်းတို့ မရှိရန်လိုပါကြောင်း၊ အသိတရားနှင့်ပညာ ရှေ့ထားခြင်းဖြင့် အားလုံးရှေ့ဆက်လျှောက်နိုင်စေမည့် ပျော့ပျောင်းမှုထားရှိရန်လည်း လိုပါကြောင်း၊ ရှေ့လျှောက်တွင်အရေးကြီးသော မှတ်ကျောက်ကြီးများရှိပါကြောင်း၊ ၂၀၁၄ခုနှစ်တွင် မြန်မာနိုင်ငံသည် အာဆီယံ၏ ဥက္ကဋ္ဌ နေရာရယူခြင်းဖြင့် ဒေသအတွင်း ခေါင်းဆောင်မှုနှင့်အတူ တာဝန်ဝတ္တရားများနှင့် မျှော်လင့်ချက်များလည်း ပိုမိုမြင့်မားလာမည်ဖြစ်ပါကြောင်း။

၂၀၁၅ခုနှစ်တွင် ရွေးကောက်ပွဲ ထပ်မံကျင်းပကြဦးမည်ဖြစ်ပါကြောင်း၊ ဤအရေးပါသောအချိန်များတွင် မြန်မာနိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝန်းတို့ အလုပ်တွဲလုပ်ကြရမည်ဖြစ်ပါကြောင်း၊ ယင်းတာဝန်များကို မြန်မာနိုင်ငံသူ နိုင်ငံသားတို့ အလေးထားပြီး ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အပြောင်းအလဲကို တမ်းတနေသူများ၊ သတ္တိရှိရှိစွန့်စားနိုင်ခဲ့သူများ၊ ဒီမိုကရေစီမျှော်လင့်ချက်များကို မစွန့်လွှတ်နိုင်သူများ၊ အပြောင်းအလဲ ငတ်မွတ်နေသူများ၏ ရည်မှန်းချက်များကိုလည်း ဖြည့်ဆည်းပေးရမည်ဖြစ်ပါကြောင်း၊ ထိုသို့လုပ်ဆောင်သည့်အခါ တစ်ဦးနှင့်တစ်ဦး အရှိန်မတူသော်လည်း အားလုံးသည် လက်တွဲကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို ရှေ့ရှုနိုင်ရန် ဤသမိုင်းဝင်အချိန်တွင် အချက်(၄)ချက်ပါသော လုပ်ငန်းအစီအစဉ်ကို ဖော်ပြလိုပါကြောင်း၊ ပထမဆုံး ပြည်သူများသည် ၎င်းတို့၏ဘဝတွင် ဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ရလဒ်ကို အမြန်ဆုံးမြင်နိုင်ရန်လိုပါကြောင်း၊ ကျန်းမာရေးနှင့်ပညာရေးကဏ္ဍများတွင် ပိုမိုရင်းနှီးရန် ဆုံးဖြတ်ခြင်းသည် အစကောင်းတစ်ခုပင်ဖြစ်ပါကြောင်း၊ ကျေးလက်ဆင်းရဲမှုဒုက္ခမှ လွတ်မြောက်လာစေနိုင်ရန် အလုပ်အကိုင်ပိုမိုရရှိနိုင်ရေးကို ဦးစားပေးရမည်ဖြစ်ပါကြောင်း၊ ယင်းတို့မှာ မြန်မာပြည်သူများအတွက် ဦးစားပေးလိုအပ်ချက်များဖြစ်ပါကြောင်း၊ လွှတ်တော်အတွက်လည်း ဦးစားပေးရမည့်အချက်များပင်ဖြစ်ပါကြောင်း၊ သို့သော် သည့်ထက်ပိုမို၍ လုပ်ဆောင်နိုင်ရန်လည်း လိုအပ်နေသေးကြောင်း၊ ယနေ့ မိမိသည် အပြည်ပြည်ဆိုင်ရာ အသိုင်းအဝန်းအား ပိတ်ဆို့မှုအပေါင်းကို ဖယ်ရှားခြင်း၊ လျှော့ပေါ့ဆိုင်းငံ့ခြင်းတို့ကို ပိုမိုဆောင်ရွက်ကြပါရန် တောင်းဆိုလိုပါကြောင်း။

ဒုတိယအနေဖြင့် မြန်မာနိုင်ငံ၌ နိုင်ငံတကာဖွံ့ဖြိုးမှုအကူအညီနှင့် နိုင်ငံခြားနှင့်တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလိုအပ်ပါကြောင်း၊ အခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံသည် လူတစ်ဦးစီအတွက် ဖွံ့ဖြိုးမှုအကူအညီ ရာခိုင်နှုန်း အနည်းဆုံးရရှိသော နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၌ရင်းနှီးမြှုပ်နှံခြင်းသည် ပြုပြင်ပြောင်းလဲမှု၏ အကောင်းဆုံးအားပေးမှုပင် ဖြစ်ပါကြောင်း၊ တစ်ချိန်တည်းမှာပင် လွှတ်တော်သည် ကူညီထောက်ပံ့ခြင်းကိုဖြစ်စေသော အခြေအနေများကို ဖန်တီးရမည်ဖြစ်ပါကြောင်း၊ အိမ်နီးချင်းနိုင်ငံများ၏ အတွေ့အကြုံကိုလေ့လာခြင်းဖြင့် မြန်မာနိုင်ငံသည် မိမိ၏ သဘာဝအရင်းအမြစ်များကို ပိုမိုဖွံ့ဖြိုးအောင်ဆောင်ရွက်ရင်း ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အားပေးခြင်း၊ ပြည်သူပိုင်နှင့် ပုဂ္ဂလိကပိုင်ကဏ္ဍများ၌ အုပ်ချုပ်မှု (Governance) လုပ်ငန်းပိုမိုပြောင်မြောက်စေခြင်း၊ တိုင်းပြည်၏ တန်ဖိုးကြီးမားသော ရေ၊ မြေ၊ တော၊ တောင် သဘာဝကို ထိန်းသိမ်းခြင်းတို့ ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တိုးတက်ဖွံ့ဖြိုးခြင်း၏ အကျိုးအမြတ်ကို ပြည်သူအားလုံးနှင့် ပြည်နယ်အားလုံးမျှဝေခံစားနိုင်ရန်၊ တူညီမျှတသော ဖွံ့ဖြိုးမှုကို ဖော်ဆောင်သော မူဝါဒများကို ချမှတ်ကြပါရန် တိုက်တွန်းလိုပါကြောင်း၊ မြန်မာနိုင်ငံသည် ဤဒေသကြီး၏ စီးပွားရေးအရှိန်အဟုန်တွင် ပါဝင်ရန် အချိန်တန်နေပြီဖြစ်ပါကြောင်း၊ တတိယအချက်မှာ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး အပြည့်အဝဖော်ဆောင်ရန် ဖြစ်ပါကြောင်း၊ ဤခက်ခဲသော ပြဿနာအချို့မှာ တိုးတက်မှုလိုနေသေးပါကြောင်း၊ ဥပမာ-ရွှေ့ပြောင်းခံရသောလူထုများ၊ တိုင်းရင်းသားလူမျိုးစုနှင့် နိုင်ငံရေးအဖွဲ့များအတွက် လုံခြုံရေးအာမခံခြင်းနှင့် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်းတို့ဖြစ်ပါကြောင်း။

တူညီမှုနှင့်တရားမျှတမှုအပေါ် အခြေခံခိုင်ထားသော တိုးတက်မှုအရှိန်အဟုန်ကောင်းကို ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ သို့မှသာ အစိုးရနှင့် တိုင်းပြည်၏ လူမျိုးစု၊ နိုင်ငံရေးနှင့်ဘာသာရေးအဖွဲ့အစည်းတို့အကြား ယုံကြည်မှုကို တည်ဆောက်သွားနိုင်မည်ဖြစ်ပါကြောင်း၊ အစိုးရနှင့်တိုင်းရင်းသားအဖွဲ့အစည်းများအကြား အပစ်အခတ်ရပ်စဲရေးအတွက် တိုးတက်မှုများရရှိနေမှုကို မိမိချီးမွမ်းလိုပါကြောင်း၊ နှစ်ဖက်အကြားကျန်ရှိနေသော ကိစ္စများကို အမြန်ဆုံးဖြေရှင်းသွားနိုင်ရန် မိမိတိုက်တွန်းလိုပါကြောင်း၊ ကချင်ပြည်နယ်၌ဖြစ်နေသည့်အခြေအနေသည် အခြားအဖွဲ့ကြီးများနှင့် သဘောတူညီချက်ယူနိုင်ခဲ့သော အပစ်အခတ်ရပ်စဲရေးအခြေအနေနှင့် ကွာဟလျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးရေးကိုဖော်ဆောင်စေမည့် အပစ်အခတ်ရပ်စဲမှုနှင့် နိုင်ငံရေးနှင့်သက်ဆိုင်သော သဘောတူညီချက်အခွင့်အလမ်းကို ကချင်လူမျိုးစုများ

မဆုံးရှုံးသင့်ပါကြောင်း၊ လူသားချင်းဆိုင်ရာ အကူ…
ကချင်ပြည်နယ်ကို ဝင်ရောက်သွားလာခွင့်ပေးခြင်း…
ပါကြောင်း၊ ယင်းသို့ ဝင်ရောက်သွားလာနိုင်မှု…
နေရမည် ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်ရင်…
သည် ဤကိစ္စများကို လွှတ်တော်အတွင်း၌လည်း…
ဒေသကြီးလွှတ်တော်များအတွင်း၌လည်းကောင်း…
သည်ဆိုသည့်အပေါ်တွင် မူတည်ပါကြောင်း၊ စ…
စိုးမိုးရေး၊ အထူးသဖြင့် လွတ်လပ်စွာပေါင်းသင်း…
တို့ပါဝင်သော လူ့အခွင့်အရေးများ လေးစားရေ…
ပါဝင်သော ဒီမိုကရေစီထုံးတမ်းကျင့်စဉ် (Democ…
ရန် လိုအပ်ပါကြောင်း၊ လူမှုလူတန်းစားအဖွဲ့အစ…
အခွင့်အရေးများကို ကာကွယ်သည့်ဥပဒေချမှတ်…
အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်း…
ကြောင်း။

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တ…

ကမ္ဘာတစ်ဝန်းလုံးတွင် အစိုးရများသည်…
လုပ်ဆောင်နိုင်ခြင်းမရှိကြပါကြောင်း၊ တိုးတက်မှု…
မည်ဖြစ်ပြီး ကုလသမဂ္ဂသည် အစွမ်းရှိသရွေ့ ကူညီ…
ကုလသမဂ္ဂအပါအဝင် အခြားအပြည်ပြည်…
လမ်းညွှန်အကြံပေးမှုကို မြန်မာနိုင်ငံက လိုလား…
UN Global Compact, the Economic and…
Asia and the Pacific နှင့် UN Office on…
ပူးပေါင်းဆောင်ရွက်မှုကြောင့် အမျိုးသားကြိုးပမ်း…
နိုင်ခဲ့ပါကြောင်း၊ အလားတူပင် UNDP သည်…
Country Programme တစ်ခုကို စတင်ရမည်ဖြ…
ဖွံ့ဖြိုးမှုမှာ အရေးပါအရာရောက်စေမည့် သဘော…
ဆုံးသော သန်းခေါင်စာရင်းကောက်ခံမှုတွင် ကု…
နှင့်ပူးပေါင်းဆောင်ရွက်ရေး အမြဲအသင့်ရှိနေရန်…
ကြောင်း။

ဤလုပ်ငန်းများတွင် ငြိမ်းချမ်းမှုတည်ဆောက…
ရွေးကောက်ပွဲဆိုင်ရာ အကူအညီအဂတိလိုက်…
ကရေစီကျင့်စဉ်များဖော်ဆောင်ရေးတို့ ပါဝင်ပါ…
သမဂ္ဂတို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆော…
ကြောင်း၊ မြန်မာနိုင်ငံသည် ဤအဖွဲ့အစည်းကြီး၏…
နေရာ၌ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသ…
အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် Peacekeeping C…
ကနဦး၌ ပါဝင်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ပူးပေါင်းမှုကို လာမည့်နှစ်ကာလ…
ရှင်သန်ရန် ဆန္ဒပြုလိုပါကြောင်း၊ အတွင်းရေးမှူး…
ဤမြန်မာနိုင်ငံ၏ သားကောင်းဖြစ်သော ဦးသန့်…
၎င်းသည် အကြမ်းဖက်မှုကိုကျော်လွှားရန်၊ အတ…
တို့လူသားအားလုံး၏ အကျိုးအမြတ်ကိုဆောင်ရွက်…
ခဲ့ပါကြောင်း၊ တစ်ခုတည်းသော ကမ္ဘာစိတ်ဓာတ်…
နားလည်မှုရှိရန်နှင့် အပြန်အလှန်ဝတ္တရားများရှိ…
ပါကြောင်း၊ ယနေ့အခါဝယ် ကမ္ဘာလုံးဆိုင်ရာ စိန်…
မြန်မာနိုင်ငံ၏ပါဝင်မှုကို ကမ္ဘာက လိုအပ်နေပါ…
ကို ဖြည့်ဆည်းရန်အဖြေသည် အဆွေတော်တို့…
ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်…
ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြား…
ရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ကျေးဇူးတ…
လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြောကြာ…

မှတ်တမ်းတင်ဆောင်ရွ…

ဥပဒေကြမ်း(၁)ခု မှတ်တမ်းတင်ခြင်းက… အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုခဲ့… က အတည်ပြုသည်ဟုမှတ်ယူကာ နိုင်ငံတော်သ… ရေးထိုးထုတ်ပြန်နိုင်ရန် ဧပြီ(၂၇)ရက်တွင် … **ကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်း**ကို လွှတ်… ရွက်သည်။

လွှတ်တော်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း… ကဏ္ဍ၌ ပြည်ထောင်စုလွှတ်တော်နာယက က…

မဆုံးရှုံးသင့်ပါကြောင်း၊ လူသားချင်းဆိုင်ရာ အကူအညီများပေးနိုင်ရန်အတွက် ကချင်ပြည်နယ်ကို ဝင်ရောက်သွားလာခွင့်ပေးခြင်းကို မိမိတို့ အသိအမှတ်ပြုလိုပါကြောင်း၊ ယင်းသို့ ဝင်ရောက်သွားလာနိုင်မှုအခွင့်အရေးဆက်လက်ရရှိနေရမည် ဖြစ်ပါကြောင်း၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၏ အောင်မြင်မှုသည် ဤကိစ္စများကို လွှတ်တော်အတွင်း၌လည်းကောင်း၊ ပြည်နယ်နှင့်တိုင်းဒေသကြီးလွှတ်တော်များအတွင်း၌လည်းကောင်း မည်သို့မည်ပုံဆွေးနွေးကြသည်ဆိုသည့်အပေါ်တွင် မူတည်ပါကြောင်း၊ စတုတ္ထအချက်မှာ တရားဥပဒေစိုးမိုးရေး၊ အထူးသဖြင့် လွတ်လပ်စွာပေါင်းသင်းဆက်ဆံခြင်းနှင့် ပြောဆိုခြင်းတို့ပါဝင်သော လူ့အခွင့်အရေးများ လေးစားရေးကို အခြေခံသည့် အားလုံးပါဝင်သော ဒီမိုကရေစီထုံးတမ်းကျင့်စဉ် (Democratic Culture) ဖော်ဆောင်ရန် လိုအပ်ပါကြောင်း၊ လူမှုလူတန်းစားအဖွဲ့အစည်းများနှင့် လူမျိုးစုများ၏ အခွင့်အရေးများကို ကာကွယ်သည့်ဥပဒေချမှတ်ချက်များ လိုအပ်ပါကြောင်း၊ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းသည် အစသာဖြစ်ပါကြောင်း။

အကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၁၂ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဧပြီ ၃၀ ရက်အတွင်း (၂၉) ရက်မြောက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ပါကြောင်း၊ တတိယပုံမှန်အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေပြုခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည့်အခြေအနေကို တင်ပြလိုပါကြောင်း၊ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေးက အတည်ပြုသည့် ဥပဒေကြမ်း(၈)ရပ်နှင့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်း(၃)ရပ်တို့ကို နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးထုတ်ပြန်ပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်း(၈)ရပ်မှာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ၊ ၂၀၁၂ ခုနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ၊ ၂၀၁၂- ၂၀၁၃ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ၂၀၁၂ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေ၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၉)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ကမ္ဘာတစ်ဝန်းလုံးတွင် အစိုးရများသည် တစ်ဦးတစ်ဘာသာတည်း လုပ်ဆောင်နိုင်ခြင်းမရှိကြပါကြောင်း၊ တိုးတက်မှုကို အတူတကွဖော်ဆောင်ရမည်ဖြစ်ပြီး ကုလသမဂ္ဂသည် အစွမ်းရှိသရွေ့ ကူညီရန်အဆင်သင့်ရှိပါကြောင်း၊ ကုလသမဂ္ဂအပါအဝင် အခြားအပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ လမ်းညွှန်အကြံပေးမှုကို မြန်မာနိုင်ငံက လိုလားခြင်းကို မိမိကြိုဆိုပါကြောင်း၊ UN Global Compact, the Economic and Social Commission for Asia and the Pacific နှင့် UN Office on Drugs and Crime သည် ပူးပေါင်းဆောင်ရွက်မှုကြောင့် အမျိုးသားကြိုးပမ်းတိုးတက်ခြင်းကို ဖော်ဆောင်နိုင်ခဲ့ပါကြောင်း၊ အလားတူပင် UNDP သည် မြန်မာနိုင်ငံအတွက် ပုံမှန် Country Programme တစ်ခုကို စတင်ရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးမှုမှာ အရေးပါအရာရောက်စေမည့် သဘောရှိပြီး နှစ် ၃၀အတွင်း ပထမဆုံးသော သန်းခေါင်စာရင်းကောက်ခံမှုတွင် ကုလသမဂ္ဂသည် မြန်မာနိုင်ငံနှင့်ပူးပေါင်းဆောင်ရွက်ရေး အမြဲအသင့်ရှိနေရန် မိမိဆောင်ရွက်မည် ဖြစ်ပါကြောင်း။

ဤလုပ်ငန်းများတွင် ငြိမ်းချမ်းမှုတည်ဆောက်ရေး၊ တရားဥပဒေစိုးမိုးရေး၊ ရွေးကောက်ပွဲဆိုင်ရာ အကူအညီအဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် ဒီမိုကရေစီကျင့်စဉ်များဖော်ဆောင်ရေးတို့ ပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂတို့အကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မှုသည် သဘာဝကျပါကြောင်း၊ မြန်မာနိုင်ငံသည် ဤအဖွဲ့အစည်းကြီး၏ သမိုင်းတွင် အရေးပါသော နေရာ၌ရှိပါကြောင်း၊ မြန်မာနိုင်ငံသည် ကုလသမဂ္ဂစတင်တည်ထောင်သည့် အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အပြင် Peacekeeping Operation တွင်လည်း အစကနဦး၌ ပါဝင်ခဲ့ပါကြောင်း။

ယင်းကဲ့သို့ပူးပေါင်းမှုကို လာမည့်နှစ်ကာလများတစ်လျှောက် ပြန်လည်ရှင်သန်ရန် ဆန္ဒပြုလိုပါကြောင်း၊ အတွင်းရေးမှူးချုပ်တစ်ဦးအနေနှင့် မိမိသည် ဤမြန်မာနိုင်ငံ၏ သားကောင်းဖြစ်သော ဦးသန့်ခြေရာကိုလိုက်နေပါကြောင်း၊ ၎င်းသည် အကြမ်းဖက်မှုကိုကျော်လွှားရန်၊ အတ္တစိတ်ကို ကျော်လွှားရန်၊ မိမိတို့လူသားအားလုံး၏ အကျိုးအမြတ်ကိုဆောင်ရွက်ရန် ကမ္ဘာကို အမြဲသတိပေးခဲ့ပါကြောင်း၊ တစ်ခုတည်းသော ကမ္ဘာစိတ်ဓာတ်ဖြစ်ပေါ်စေရန် အချင်းချင်းနားလည်မှုရှိရန်နှင့် အပြန်အလှန်ဝတ္တရားများရှိရန်လိုကြောင်း သူယုံကြည်ခဲ့ပါကြောင်း၊ ယနေ့အခါဝယ် ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်ရန် မြန်မာနိုင်ငံ၏ပါဝင်မှုကို ကမ္ဘာက လိုအပ်နေပါကြောင်း၊ သည်တောင်းဆိုချက်ကို ဖြည့်ဆည်းရန်အဖြေသည် အဆွေတော်တို့လက်ထဲ၌ရှိနေပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယခုကဲ့သို့ ပြည်ထောင်စုလွှတ်တော်၌ မိန့်ခွန်းပြောကြားပေးသည့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းအား ကျေးဇူးတင်ကြောင်းနှင့် မိန့်ခွန်းအား လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြောကြားသည်။

မှတ်တမ်းတင်ဆောင်ရွက်

ဥပဒေကြမ်း(၁)ခု မှတ်တမ်းတင်ခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက အတည်ပြုခဲ့ပြီး ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟုမှတ်ယူကာ နိုင်ငံတော်သမ္မတက ဥပဒေဖြင့်လက်မှတ်ရေးထိုးထုတ်ပြန်နိုင်ရန် ဧပြီ(၂၇)ရက်တွင် ပေးပို့ထားသည့် **အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေကြမ်း**ကို လွှတ်တော်ကမှတ်တမ်းတင် ဆောင်ရွက်သည်။

လွှတ်တော်ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခြင်းကဏ္ဍ၌ ပြည်ထောင်စုလွှတ်တော်နာယက က ပြောကြားရာတွင် ပထမ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဥပဒေ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေနှင့် လယ်ယာမြေဥပဒေတို့ ဖြစ်ပါကြောင်း။

ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်း(၃)ရပ်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေနှင့် မသန်မစွမ်းဖြစ်သွားသော တပ်မတော်သားများနှင့်ကျဆုံးသော (သို့မဟုတ်) သေဆုံးသော တပ်မတော်သားများ၏မိသားစုများအား ထောက်ပံ့စောင့်ရှောက်ရေးဥပဒေတို့ ဖြစ်ပါကြောင်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေကြမ်းကိုမူ ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ခဲ့ပါကြောင်း။

အသိပေးပြောကြား

ယနေ့ ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် မှတ်တမ်းတင်ခဲ့သည့် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေကြမ်းကို နိုင်ငံတော်သမ္မတ လက်မှတ်ရေးထိုးထုတ်ပြန်ရေးအတွက် ပေးပို့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် လွှတ်တော်ဆိုင်ရာလုပ်ငန်းများဖြစ်သည့် အဆို(၆)ခု ဆွေးနွေးအတည်ပြုခြင်းနှင့် မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့၏ ပင်လယ်ပြင်နှစ်နိုင်ငံနယ်နိမိတ်နှင့် ပတ်သက်သည့် မေးခွန်း(၁)ခု မေးမြန်းဖြေကြားခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်းဖြင့် အသိပေးပြောကြားသည်။

အစီရင်ခံစာတင်ပြခြင်းကဏ္ဍ၌ မတ်လ ၂၃ ရက်ထုတ် Hot News ဂျာနယ်တွင်ဖော်ပြထားသည့် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် စာရေးသူမမတို့၏ ဆွေးနွေးမေးမြန်းချက်များနှင့် စပ်လျဉ်း၍ လွှတ်တော်အခွင့်အရေး ပူးပေါင်းကော်မတီ၏လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ဖတ်ကြားသည်။

အဆိုပါအစီရင်ခံစာတွင် Hot News ဂျာနယ်၌ စာရေးသူမမနှင့် ပြည်ထောင်စုဝန်ကြီးတို့၏ ဆွေးနွေးချက်တွင်ဖော်ပြပါရှိသော အချို့အချက်အလက်များမှာ လွှတ်တော်တစ်ရပ်လုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံးအား ပြည်သူလူထုက အထင်အမြင်လွဲမှား၊ အယုံအကြည်ကင်းမဲ့၊ ဂုဏ်သိက္ခာကျဆင်းစေနိုင်ကြောင်းကို လေ့လာသုံးသပ်ရရှိပါကြောင်း၊ ပြည်ထောင်စုဝန်ကြီးကိုယ်တိုင်က ယခုကဲ့သို့ပြောဆိုဆွေးနွေးချက်များမှာ လွှတ်တော်အပေါ် ရည်ရွယ်ချက်များမထားရှိဘဲ စိုက်ပျိုးရေးလုပ်ငန်းဆွေးနွေးရာတွင် မိသားစုအသွင် သဘောရိုးဖြင့် ပြောဆိုဆွေးနွေးခဲ့မိခြင်းသာဖြစ်ပြီး ယင်းဆွေးနွေးချက်အပေါ် အမှားပါပါက နားလည်ခွင့်လွှတ်ပေးပါရန်ကိုလည်း တောင်းပန်ထားကြောင်းပါရှိပါသဖြင့် လွှတ်တော်အနေဖြင့်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့်လည်းကောင်း သဘောထားကြီးစွာဖြင့် ပြည်ထောင်စုဝန်ကြီး၏ တောင်းပန်ချက်အား လက်ခံပေးသင့်ပါကြောင်းကို သုံးသပ်ရရှိပါကြောင်း၊ သို့ဖြစ်၍ ပြည်ထောင်စုဝန်ကြီးအနေဖြင့် ဂျာနယ်တွင်ဖော်ပြထားသည့် ကိစ္စများနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော် ကျင်းပချိန်တွင် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအား မိမိ၏သဘောထားနှင့် ရည်ရွယ်ချက်တို့ကို အသိပေးလာရောက်ရှင်းလင်းတင်ပြပြီး တောင်းပန်စေသင့်ကြောင်း စသည်ဖြင့်ဖော်ပြပါရှိသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်က ပြန်လည်ရှင်းလင်းတင်ပြသည်။

ထိုသို့တင်ပြရာတွင် နိုင်ငံတော်တစ်ဝန်းလုံး၏(၇၀)ရာခိုင်နှုန်းကျော်ရှိ တောင်သူလယ်သမားများ၊ မိသားစုဝင်များအပါအဝင် နိုင်ငံသားအားလုံးတို့အပေါ်တွင်ထားရှိသည့် စိတ်ရင်းကောင်း၊ စေတနာကောင်း၊ မေတ္တာမှန်အားဖြင့် သတင်းသမားတစ်ဦးကို မိသားစုအသွင် အလွန်စိတ်ရှည်စွာ ဆွေးနွေး ဖြေကြားခဲ့မှုများနှင့် ပတ်သက်၍ လယ်ယာစီးပွားသတင်းဂျာနယ်တွင် ပြည့်စုံစွာ ပြန်လည်ဖော်ပြ၍ ပကတိအခြေအနေမှန်အပေါ်၌ သိရှိနားလည်လက်ခံပေးနိုင်ပါရန်အတွက် အထူးမေတ္တာရပ်ခံတင်ပြထားခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့ပြင် Hot News ဂျာနယ်ပါ ရေးသားဖော်ပြချက်များနှင့်ပတ်သက်၍ မိမိအပေါ် အထင်အမြင်လွဲမှားနေမှုများအပေါ်၌ ဖြေရှင်းတင်ပြပေးရန်၊ တောင်းပန်ပေးရန် တောင်းဆိုချက်များအရ ဧပြီ ၂၇ ရက်တွင် လွှတ်တော်အခွင့်အရေး ပူးပေါင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များအားတွေ့ဆုံကာ မူရင်းအသံသွင်းမှတ်တမ်းဖိုင်နှင့်တကွ အသေးစိတ်ရှင်းလင်း တင်ပြဆောင်ရွက်ခဲ့ပြီး လိုအပ်ပါက တောင်းပန်ရန်အသင့်ရှိကြောင်းကိုလည်း ပြောကြားခဲ့ပြီးဖြစ်ပါကြောင်း။

နိုင်ငံသားအားလုံးတို့အပေါ်တွင် မိမိ၏သန့်ရှင်းဖြူစင်သော စိတ်ရင်းစေတနာမှန်ကန်စွာဖြင့် Hot News ဂျာနယ်သို့ မိသားစုအသွင် ရှင်းလင်းပြောကြားဆွေးနွေးခဲ့သည့်အချက်များအပေါ်တွင် ကိုယ်စားလှယ်တော်ကြီးများအနေဖြင့် အထင်အမြင်လွဲမှားခံစားနေမှုများနှင့်စပ်လျဉ်း၍ ဖြစ်စဉ်အမှန်ပေါ်၌ နားလည်ခွင့်လွှတ်ပေးနိုင်ပါရန် လေးစားစွာဖြင့် ထပ်လောင်းမေတ္တာရပ်ခံ တောင်းပန်အပ်ပါကြောင်း၊ ဤမြေတွင်မွေးဖွားခဲ့ကြပြီး တစ်မြေတည်း အတူနေ၊ တစ်ရေတည်း အတူသောက်၊ တစ်လှေတည်း အတူခရီးသွားနေကြသည့် ခရီးသွားဖော်ညီအစ်ကိုများအဖြစ် မေတ္တာရှေ့ထားပြီး မိမိအပေါ် ခွင့်လွှတ်နားလည်ပေးနိုင်ပါရန် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအား အနူးအညွတ်တောင်းပန်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထပ်မံအသိပေးမည်

လွှတ်တော်များက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့်အဖွဲ့များသည် ပြည်ထောင်စုအဆင့် ဟုတ်၊ မဟုတ်ဆိုသော ကိစ္စနှင့်စပ်လျဉ်း၍ အခြေအနေအရပ်ရပ်ကို ပြည့်စုံအောင်ထပ်မံလေ့လာရန် လိုအပ်သဖြင့် ၎င်းကိစ္စနှင့်တကွ ၂၀၁၂ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေကြမ်းနှင့် ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကြမ်းတို့ကို ဆွေးနွေးအတည်ပြုမည့်လုပ်ငန်းအား လာမည့်စတုတ္ထအကြိမ် ပုံမှန်အစည်းအဝေးအထိ ရွှေ့ဆိုင်းရန် လွှတ်တော်ဥက္ကဋ္ဌနှစ်ဦး ညှိနှိုင်းဆုံးဖြတ်ထားကြောင်းနှင့် လာမည့် မေလ (၂)ရက် (ဗုဒ္ဓဟူးနေ့)တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ် သီးခြားအစည်းအဝေးများဆောင်ရွက်ရန်ရှိနိုင်ပြီး အခြေအနေကို လွှတ်တော်ဥက္ကဋ္ဌနှစ်ဦး ညှိနှိုင်းတိုင်ပင်ပြီး ထပ်မံအသိပေးမည်ဖြစ်ကြောင်းသိရသည်။

ယနေ့ အစည်းအဝေးကို မွန်းလွဲ ၁ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး ပထမအကြိမ်ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပပြီးစီးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် ဧပြီ ၃၀

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား လူငယ်တင်းနစ်ပြိုင်ပွဲကို မေ ၁၂ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။

ကျင်းပမည့် ပြိုင်ပွဲအမျိုးအစားများမှာ (၁၀)နှစ်၊ (၁၂)နှစ်၊ (၁၄)နှစ်၊ (၁၆)နှစ်နှင့် (၁၈)နှစ်အောက် မျိုးဆက်သစ်လူငယ်အမျိုးသား၊ အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲအားလုံးသို့ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လာရောက်ယှဉ်ပြိုင်ကြသည့် မျိုးဆက်သစ်တင်းနစ်ကစားသမားများအတွက် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်မှ ခရီးစရိတ်နှင့် စားသောက်နေထိုင်ရေးတို့ကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

မေးမြန်းစုံစမ်းနိုင်

ယင်းလူငယ်တင်းနစ်ပြိုင်ပွဲများသို့ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်ကစားသမားများသည် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဖုန်း-၃၇၂၃၆၀၊ ၃၈၁၉၃၁၊ ၃၈၁၉၃၂ လိုင်းခွဲ-၀ သို့ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

စာအုပ်လှူဒါန်းပွဲ ကသာမြို့နယ်၌ ကျင်းပ

ကသာ ဧပြီ ၃၀

ကသာမြို့နယ် အောင်ချမ်းသာရွာ အခြေခံပညာမူလတန်းကျောင်းခန်းမ၌ ဧပြီ ၂၂ရက်က စာအုပ်လှူဒါန်းပွဲကျင်းပသည်။

လှူဒါန်း

အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးအရာရှိ ဦးချီမောင်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းမှူး ရဲအုပ်စောစိုးမိုး၊ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးစန်းဦး (ကမ်းနဖူး-စန်းဦး)နှင့် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဝင်များက ၂၀၀၁ ခုနှစ်က စတင်ဖွင့်လှစ်ခဲ့သောအောင်ချမ်းသာကျေးရွာ မိုးသဇင်စာကြည့်တိုက်အတွက် စာအုပ်၊ စာစောင်၊ ဂျာနယ်များ လှူဒါန်းရာ ကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းတင်က လက်ခံရယူခဲ့သည်။ **(ယာပုံ)**

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိနှင့်တာဝန်ရှိသူများက စာဖတ်ရှိန်မြှင့်တင်ရေးကိစ္စရပ်များ ဆွေးနွေးခဲ့ကြကြောင်း သိရှိရသည်။ **(၄၀၆)**

တစ်ပြည်လုံးတွင် နေ့အပူချိန်များ လျော့နည်းမည်

နေပြည်တော် ဧပြီ ၃၀

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်များမှာ သာယာဝတီမြို့၊ ကြို့ပင်ကောက်မြို့နှင့် ခရမ်းမြို့တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရွှေစာရံမြို့တွင် ၁ ဒသမ ၅၃ လက်မ၊ တောင်ကုတ်မြို့နှင့် ကျိုက်မရောမြို့တို့တွင် ၁ ဒသမ ၄၀ လက်မစီ၊ ပြင်ဦးလွင်မြို့တွင် ၁ ဒသမ ၁၈ လက်မ၊ ကျိုက္ခမီမြို့တွင် ၁ ဒသမ ၁၄ လက်မ၊ မာန်အောင်မြို့တွင် ၁ ဒသမ ၀၂ လက်မ၊ ပလက်ဝမြို့နှင့် ဖြူးမြို့တို့တွင် ၀ ဒသမ ၇၉ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အနောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေ့အပူချိန်များအနည်းငယ် လျော့နည်းနေမည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင် နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ - စုစည်းသည်

၂၀၁၂ ခုနှစ် အောင်မြင်မှုအရှိဆုံးဖြစ်လာမည့် ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အင်နာကင်ဒရစ်

လော့စ်အိန်ဂျလိစ် မေ ၂၀

ဟောလိဝုဒ်ရုပ်ရှင်မင်းသမီး အင်နာကင်ဒရစ်ဟာ Rapturepalooza ဇာတ်ကားမှာ ပါဝင်သရုပ်ဆောင်မှု ပြောင်မြောက်တာမို့ ၂၀၁၂ ခုနှစ် ဟောလိဝုဒ်ရဲ့ အောင်မြင်မှုအရှိဆုံးလူငယ်ရုပ်ရှင်မင်းသမီးတစ်ဦး ဖြစ်လာမယ်လို့ အမေရိကန်မီဒီယာတွေရဲ့ ဦးစားပေးဖော်ပြမှုကို ခံနေရပါတယ်။

ရိုက်ကူးနေ

အဲဒီ ဇာတ်ကားကို အမေရိကန်နိုင်ငံတစ်ဝန်းမှာ မကြာမီကပြသခဲ့ရာ လူကြိုက်များတဲ့ရုပ်ရှင်ကားတစ်ကား ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ The Archivist ဇာတ်ကားမှာလည်း ရုပ်ရှင်မင်းသမီး အင်နာကင်ဒရစ် ပါဝင်သရုပ်ဆောင်နေပြီး ဒီဇာတ်ကားကတော့ ဒါရိုက်တာရော်ဘင်ပို့က်ရိုက်ကူးနေတာဖြစ်ပါတယ်။

အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ ရုပ်ရှင်မင်းသမီးအင်နာကင်ဒရစ်ဟာ Pitch Perfect ဇာတ်ကားမှာလည်း ကောလိပ်ကျောင်းသူတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားပြီး အချစ်စစ်ကို နောက်ဆုံးရှာဖွေတွေ့ရှိသွားတဲ့ အမျိုးသမီးငယ်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။

ဒါရိုက်တာဂျက်ဆင်ရစ်မင်းရိုက်ကူးတဲ့ Up in the Air အမည်ရှိတဲ့ ရုပ်ရှင်ကားနဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိခဲ့တဲ့ ရုပ်ရှင်မင်းသမီး အင်နာကင်ဒရစ် **(အပေါ်ပုံ)**ဟာ ၂၀၁၂ ခုနှစ်မှာလည်း Rapturepalooza ဇာတ်ကားနဲ့ အကောင်းဆုံးအမျိုးသမီး သရုပ်ဆောင်ဆုရရှိနိုင်တယ်လို့ ပရိသတ်တွေက ထင်ကြေးပေးခံနေရသူဖြစ်ပါတယ်။

ပိုလန်နိုင်ငံမှာမွေးဖွားပြီး အမေရိကန်နိုင်ငံမှာ ကြီးပြင်းခဲ့သူ အင်နာကင်ဒရစ်၏မိခင်ဖြစ်သူ ဂျင်းနစ်မှာ စာရင်းကိုင် ဝန်ထမ်းတစ်ဦးဖြစ်ပြီး ဖခင်ဝီလီယံကင်ဒရစ်ကတော့ သမိုင်းဆရာတစ်ဦးဖြစ်ပေမယ့် အင်နာကင်ဒရစ်ဟာ ဟောလိဝုဒ်မှာ အောင်မြင်တဲ့ ရုပ်ရှင်မင်းသမီးတစ်ဦးအဖြစ်ရောက်ရှိအောင် ကြိုးစားနိုင်ခဲ့သူဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ရုပ်ရှင်မင်းသမီး အင်နာကင်ဒရစ်ဟာ ဒါရိုက်တာအက်ဂါဝိုက်နဲ့ ချစ်သူတွေဖြစ်နေပါတယ်။ သူတို့နှစ်ဦးဟာ ၂၀၀၉ ခုနှစ်က ရိုက်ကူးခဲ့တဲ့ Scott pilgrim vs the world ဇာတ်ကားမှာစတင်ပြီး ချစ်သူတွေဖြစ်ခဲ့ကြတာဖြစ်ပါတယ်။ ။ **(အင်တာနက်)**

ဘာလင် မေ ၂၀

၂၀၁၂ ခုနှစ် ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော် Stopped on Track ဇာတ်ကား အကောင်းဆုံးဆုရရှိ

မေ ၂၈ ရက်ကကျင်းပပြီးစီးခဲ့သည့် ၂၀၁၂ ခုနှစ်ဘာလင်နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ Stopped on Track ရုပ်ရှင်ကားနှင့် Anonymous ဇာတ်ကားများသည် အကောင်းဆုံးဆုများဆွတ်ခူးနိုင်ခဲ့ကြောင်း မေ ၂၉ ရက်က သတင်းထုတ်ပြန်သည်။

အကောင်းဆုံးရုပ်ရှင်ကားအဖြစ် ဒါရိုက်တာရိုလန်အမ်မီရစ်၏ Stopped on Track ဇာတ်ကားကရရှိခဲ့သည်။ ယင်းဇာတ်ကားမှပင် အကောင်းဆုံးဒါရိုက်တာဆု၊ အကောင်းဆုံးအမျိုးသားသရုပ်ဆောင်ဆုနှင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုများ ရရှိခဲ့သည်။

ထို့အတူ ရုပ်ရှင်မင်းသား ရိုင်အီဖန်းပါဝင်သရုပ်ဆောင်ထားသည့် Anonymous ဇာတ်ကားသည်လည်း အကောင်းဆုံးတည်းဖြတ်ဆုနှင့် အကောင်းဆုံးဇာတ်ကားထုတ်လုပ်သူဆုများရရှိခဲ့သည်။ ၎င်းဇာတ်ကားမှာ ပြီးခဲ့သည့်နှစ်က ပြသခဲ့ရာ ဝင်ငွေကောင်းစွာ မရရှိခဲ့သည့်ဇာတ်ကားဖြစ်သည်။

ရိုက်ကူးခဲ့

ဒါရိုက်တာ ရိုလန်အမ်မီရစ်သည် **(ယာပုံ)** နာမည်ကြီး Independence Day နှင့် " ၂၀၁၂ " အမည်ရှိသည့် ကမ္ဘာကျော်ဇာတ်ကားများကို ရိုက်ကူးခဲ့သူဖြစ်သည်။ မိမိသည် ဇာတ်ကားကောင်းများကို ဆက်လက်ရိုက်ကူးသွားမည်ဖြစ်ကြောင်း ၎င်းက ဆုယူအပြီး၌ ပြောကြားခဲ့သည်။ **(အင်တာနက်)**

တရုတ်ရုပ်ရှင်မင်းသမီး ဟူကျင်း ခင်ပွန်းဖြစ်သူနှင့် ကွာရှင်းမည်

ပေကျင်း မေ ၂၀

တရုတ်ရုပ်ရှင်မင်းသမီး ဟူကျင်းနှင့် သူမ၏ခင်ပွန်းဖြစ်သူ ဖရန့်ချို့တို့နှစ်ဦး ကွာရှင်းပြတ်စဲကြတော့မည်ဖြစ်ကြောင်း မေ ၂၈ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်၌ ရုပ်ရှင်မင်းသမီးဟူကျင်းက ထုတ်ဖော်ပြောကြားလိုက်သည်ဟု မေ ၂၉ ရက်တွင် အင်တာနက်သတင်း၌ ဖော်ပြသည်။

မလေးရှားနိုင်ငံသား စီးပွားရေးလုပ်ငန်းရှင်တစ်ဦးဖြစ်သူ ဖရန့်ချို့နှင့် တရုတ်ရုပ်ရှင်မင်းသမီးဟူကျင်းတို့နှစ်ဦးသည် ၂၀၀၄ ခုနှစ်က ညစာစားပွဲအခမ်းအနားတစ်ခု၌ တွေ့ဆုံခဲ့ကြပြီးနောက်ပိုင်း ချစ်သူများဖြစ်ခဲ့ကြသည်။

အဆင်မပြေဖြစ်

၎င်းတို့နှစ်ဦးသည် ၂၀၀၈ ခုနှစ်က လက်ထပ်ခဲ့ကြပြီး နောက်ပိုင်းဆက်ဆံရေး အဆင်မပြေဖြစ်နေခဲ့ကြသည်။ သူတို့ဇနီးမောင်နှံတွင် သားတစ်ဦးထွန်းကားခဲ့ပြီးနောက် မိခင်ဖြစ်သူ ရုပ်ရှင်မင်းသမီး ဟူကျင်းမှာ ရုပ်ရှင်ကားများရိုက်ကူးနေပြီး သားငယ်အနီးတွင် အနီးကပ်မပြုစုမစောင့်ရှောက်မှုကြောင့် ခင်ပွန်းဖြစ်သူ ဖရန့်ချို့နှင့် ဆက်ဆံရေး အဆင်မပြေဖြစ်နေခဲ့ခြင်းဖြစ်သည်။

တရုတ်ရုပ်ရှင်မင်းသမီးဟူကျင်း **(ဝဲပုံ)**သည် ရုပ်ရှင်ကားများ အဆက်မပြတ်ရိုက်ကူးနေရသဖြင့် မိသားစုအရေးကို ဂရုစိုက်နိုင်ခြင်းမရှိကြောင်း သတင်းများ ထွက်ပေါ်နေရာမှ ကွာရှင်းပြတ်စဲမည့် အနေအထားသို့ ရောက်ရှိလာခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - ရေးသားသည်

မက္ကဆီကိုနိုင်ငံ၌ လူ ၂၁၃ ဦး အစာအဆိပ်သင့်မှု ဖြစ်ပွား

မက္ကဆီကိုစီးတီး မေ ၂၀

မက္ကဆီကိုနိုင်ငံ ပစိဖိတ်ကမ်းခြေ အဓိကဆိပ်ကမ်းမြို့ဖြစ်သည့် အကာပူလိုမြို့တွင်း၌ ကလေးငယ်အများစုပါဝင်သော လူ ၂၁၃ ဦး အစာအဆိပ်သင့်မှု ဖြစ်ပွားရာ ဆေးရုံသို့တင်ပို့လိုက်ခဲ့ရကြောင်း တာဝန်ရှိသူတစ်ဦးက မေ ၂၉ ရက်တွင် ပြောကြားသည်။

မူလတန်းကျောင်းတစ်ကျောင်းတွင် ကလေးများနေ့အထိမ်းအမှတ်ပွဲတော် ကျင်းပရာ အစားအစာများသုံးဆောင်ကြပြီးနောက်ပိုင်း အော့အန်ခြင်း၊ ဝမ်းလျှောခြင်းနှင့် အဖျားတက်ခြင်းတို့ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဂါရီယိုပြည်နယ်ကျန်းမာရေးအရာရှိမာဆွန်အာလွန်ဆိုက ပြောကြားခြင်းဖြစ်သည်။ **(အောက်ပုံ)**

အစာအဆိပ်သင့်မှုဖြစ်ပွားကြသူများသည် ဝေဒနာမပြင်းထန်၍ စိုးရိမ်ဖွယ်အခြေအနေတော့ မရှိပါကြောင်း၊ မြို့တွင်းအနှံ့ရှိ ဆေးရုံဆေးခန်းများတွင် တင်ဆောင်ကုသပေးလျက်ရှိကြောင်း၊ သေဆုံးသူတစ်ဦးတစ်ယောက်မျှ မရှိသေးကြောင်း အာလွန်ဆိုက ဆက်လက်ပြောကြားသည်။

ပွဲတော်အတွင်း ပြင်ဆင်ကျွေးမွေးသောအစားအစာများမှာ အသားကင်၊ အီတလီခေါက်ဆွဲနှင့် ကိတ်မုန့်တို့ဖြစ်ကြပြီး လူငယ်သုံးဦး အပါအဝင် လူ ၈၄ ဦးမှာ ဦးစွာအစာအဆိပ်သင့်မှုဖြစ်ပွားခြင်းဖြစ်ပြီး နောက်ပိုင်းတွင် ၂၁၃ ဦးအထိ အစာအဆိပ်သင့်ခဲ့ခြင်းဖြစ်သည်ဟု သတင်းတွင်ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

စပိန်အလုပ်လက်မဲ့ဦးရေ ၅ ဒသမ ၆၄ သန်းအထိ စံချိန်တင်မြင့်တက်

အလုပ်အကိုင်ရရှိရေးအတွက် တန်းစီစောင့်စားနေရသော စပိန်ပြည်သူတစ်ချို့အား မြင်တွေ့ရစဉ်။

မက်ဒရစ် မေ ၂၀

စပိန်နိုင်ငံ၏ အလုပ်လက်မဲ့နှုန်းထားသည် စံချိန်တင်မြင့်တက်လျက်ရှိကြောင်း ဌာနဆိုင်ရာ စာရင်းဇယားများတွင် ပြသလျက်ရှိသည်။

မတ်လအကုန် တွက်ချက်မှုစာရင်းအရ အလုပ်လက်မဲ့ဦးရေ ၅၆၃၉၅၀၀ အထိရှိနေပြီး ရာခိုင်နှုန်းအားဖြင့် အလုပ်လက်မဲ့နှုန်းထား ၂၄ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း အမျိုးသားစာရင်းအင်းဌာနက ထုတ်ပြန်ကြေညာသည်။

စီးပွားရေးကျဆင်းမှုဆီသို့ ဦးတည်လျက်ရှိသည့် စပိန်နိုင်ငံတွင် ယခုနှစ်ပထမသုံးလတာအတွင်း အလုပ်လက်မဲ့ဖြစ်ခဲ့သူ ၃၆၅၉၀၀ရှိသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများတွင် စပိန်နိုင်ငံသည် အလုပ်လက်မဲ့နှုန်းထား အမြင့်မားဆုံးနိုင်ငံဖြစ်ပြီး ယခုနှစ်နောက်ပိုင်းကာလများတွင်လည်း အလုပ်လက်မဲ့နှုန်းများ ဆက်လက်၍ မြင့်တက်လာဖွယ်ရှိနေသည်။ အလုပ်လက်မဲ့နှုန်းထား ၇ ဒသမ ၉ ရာခိုင်နှုန်းသာရှိခဲ့သည့် ၂၀၀၇ ခုနှစ် ဧပြီလမှစတင်၍ စပိန်နိုင်ငံ၏အလုပ်လက်မဲ့ဦးရေမှာ သိသိသာသာမြင့်တက်လာခဲ့ခြင်းဖြစ်သည်။ ယခုစာရင်းဇယားများသည် စပိန်ပြည်သူနှင့် အစိုးရတို့အတွက် အလွန်ဆိုးရွားသောအခြေအနေဖြစ်ကြောင်း စပိန်နိုင်ငံခြားရေးဝန်ကြီး ဂါစီယာမာဂယ်လိုကပြောကြားသည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်၌လမ်းဘေးဗုံးပေါက်ကွဲ

ကဘူးလ် မေ ၂၀

အာဖဂန်နစ္စတန်နိုင်ငံ မေဒန်ဝါဒက်ပြည်နယ်အတွင်း ကင်းလှည့်ရဲကားကို လမ်းဘေးဗုံးခွဲတိုက်ခိုက်သဖြင့် အနည်းဆုံးရဲတပ်ဖွဲ့ဝင် ၁၀ ဦးသေဆုံးကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။ **(ယာပုံ)**

ပြောကြား

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်မြို့တော်အနောက်တောင်ဘက် ကီလိုမီတာ ၈၀ ခန့်အကွာ မေဒန်ဝါဒက်ပြည်နယ် ချက်ခရိုင်အတွင်း မေ ၂၉ ရက်က လမ်းဘေးဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခြင်းဖြစ်သည်ဟု ပြည်နယ်ရဲတပ်ဖွဲ့မှူး အဗ္ဗဒူကယမ်းက ပြောကြားသည်။

ချက်ခရိုင်တွင် ဖွံ့ဖြိုးရေးစီမံကိန်းဖွင့်ပွဲအခမ်းအနားအပြီး မော်တော်ယာဉ်များ တသီတတန်း မောင်းထွက်သွားကြစဉ် လမ်းဘေးဗုံးဖောက်ခြင်းဖြစ်သည်။ တာလီဘန်အကြမ်းဖက်သမားများက ဗုံးဖောက်ခွဲခြင်းမှာ သူတို့လက်ချက်ဖြစ်ကြောင်း ချက်ချင်းပင်ကြေညာသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံ၌ ယာဉ်တိုက်မှုဖြစ်၊ သေဆုံးသူ ၁၈ ဦးရှိ

ပေကျင်း မေ ၂၀

တရုတ်နိုင်ငံ နန်စီယာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း မေ ၃၀ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားသဖြင့် လူ ၁၈ ဦးသေဆုံးကြောင်း ဒေသအာဏာပိုင်များက ပြောကြားသည်။ ဒေသစံတော်ချိန်နံနက် ၇ နာရီ ၀၈ မိနစ်ခန့်က ယာဉ်တိုက်မှု ဖြစ်ပွားခြင်းဖြစ်ပြီး ဒဏ်ရာရသူမှာ ရှစ်ဦးရှိခဲ့သည်။ တန်ကျင်းစီရင်စု ဝမ်တုရန်မြို့၌ ထရပ်ကားတစ်စီးနှင့် ဗင်ကား တစ်စီးတို့ တိုက်မိခဲ့ခြင်းဖြစ်သည်ဟု စီရင်စုအစိုးရသတင်း အရင်းအမြစ်တစ်ရပ်က ပြောကြားသည်။ ယာဉ်တိုက်မှုဖြစ်ပွားရသည့်အကြောင်းရင်းကို ဆက်လက်စုံစမ်းလျက်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

မောင်မောင်မြင့်ဆွေ – စုစည်းသည်

မာရီကီမိုအသင်းကို အနိုင်ရပြီးနောက် ပေါ်တူဂီလိဂ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံနေသော ပေါ်တိုအသင်းအား ဤသို့ တွေ့ရသည်။

ယခုနှစ် ပေါ်တူဂီလိဂ်ဖလားကို ပေါ်တိုတို့ကိုင်မြှောက်အောင်ပွဲခံ

လစ္စဘွန်း ဧပြီ ၃၀

၂၀၁၁-၂၀၁၂ ခုနှစ် ဘောလုံးရာသီ ပေါ်တူဂီလိဂ်ဘောလုံးပြိုင်ပွဲကို ဧပြီ ၃၀ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ မာရီတီမိုနှင့် ပေါ်တိုအသင်းတို့ပွဲတွင် ပေါ်တိုကနှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ရာ ပေါ်တူဂီလိဂ်ဖလားကို (၂၆)ကြိမ်မြောက် ဆွတ်ခူးကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ပြီဖြစ်သည်။

ပေါ်တိုအသင်းသည် အဝေးကွင်း၌ ယှဉ်ပြိုင်ကစားရသော်လည်း ယခုပွဲအနိုင်ရရှိလျှင် ပေါ်တူဂီလိဂ်ဖလားကို ဆွတ်ခူးနိုင်မည်ဖြစ်ရာ ပွဲစတင်ကတည်းက အနိုင်ရယူစိတ်ပြင်းပြင်းဖြင့် ကစားခဲ့သည်။

ပေါ်တိုအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကို အိမ်ရှင်မာရီတီမိုတို့က ကြိုးစားဟန့်တားခဲ့သော်လည်း ပွဲချိန် ၁၆ မိနစ်၌ ပယ်နယ်တီရရှိခဲ့ရာပေါ်တိုမှ ဟုပ်ခ်က ကန်သွင်းယူခဲ့သဖြင့် အဖွင့်ဂိုးရရှိခဲ့သည်။ ထို့နောက် ဘရာဇီးတိုက်စစ်မှူး ဟုပ်ခ်ကပင် ပွဲချိန် ၈၉ မိနစ်၌ ထပ်မံရရှိသော ပယ်နယ်တီမှ တစ်ဆင့် ဂိုးသွင်းယူခဲ့သဖြင့် ပေါ်တိုတို့နှစ်ဂိုးရရှိခဲ့ခြင်းဖြစ်သည်။ ပွဲချိန် ၈၉ မိနစ်၌ အိမ်ရှင် မာရီတီမိုအသင်းမှ မီရင်ဒါ နှစ်ဝါတစ်နီဖြင့် အထုတ်ခံခဲ့ရသည်။

ပွဲချိန်ပြည့်သည်အထိ မာရီတီမိုတို့ ချေပဂိုးမသွင်းနိုင်ခဲ့သဖြင့် ပွဲအပြီး ပေါ်တိုက နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ပေါ်တိုအသင်းသည် ရာသီကုန်အထိ ကစားရန် နှစ်ပွဲလိုသေးသော်လည်း ဒုတိယနေရာမှ ဘင်ဖီကာအသင်းကို ခြောက်မှတ်အသာဖြင့် ဦးဆောင်ကာ ပေါ်တူဂီလိဂ်ဖလားကို ကိုင်မြှောက်အောင်ပွဲခံနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

စတုဂတ်ဒဗလျူတီအေတင်းနစ်ပြိုင်ပွဲ ရှာရာပိုဗာဖိုလ်စွဲ

ဘာလင် ဧပြီ ၃၀

ဂျာမနီနိုင်ငံ စတုဂတ်မြို့၌ကျင်းပလျက်ရှိသော စတုဂတ် ဒဗလျူတီအေ တင်းနစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲ၌ ရှာရာပိုဗာက အဇာရင်ကာကိုအနိုင်ရရှိပြီး ဗိုလ်စွဲသွားပြီဖြစ်သည်။

ရှာရာပိုဗာအား ဆုဖလားနှင့် တွေ့ရစဉ်။

*ရှာရာပိုဗာသည် အဇာရင်ကာအား ၆-၁၊ ၆-၄ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်ပြီး ၂၀၁၂ ခုနှစ်အတွက် ပထမဆုံး ဗိုလ်စွဲနိုင်ခဲ့ခြင်းဖြစ်သည်။ ရှာရာပိုဗာသည် ယခုပွဲ၌ အဇာရင်ကာအား တန်ပြန်ရိုက်ချက်များ အမှားအယွင်းနည်းစွာ ကစားနိုင်ခဲ့သဖြင့် အနိုင်ရရှိခဲ့ခြင်းလည်းဖြစ်သည်။ အဇာရင်ကာသည် ယခုပွဲ၌ လက်ကောက်ဝတ်ဒဏ်ရာရရှိခဲ့သဖြင့် ကြံ့ခိုင်မှုအပြည့်ဖြင့် မကစားနိုင်ခဲ့ချေ။ သို့သော်ရှာရာပိုဗာအား အခက်အခဲဖြစ်အောင် ကစားနိုင်ခဲ့သည်။ ယခုပွဲရှုံးနိမ့်ခြင်းသည် အဇာရင်ကာအတွက် ယခုနှစ်၌ ပြိုင်ပွဲနှစ်ရပ်တွင် ရှုံးနိမ့်ခြင်းလည်းဖြစ်သည်။ ရှာရာပိုဗာသည် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲ၌ အဇာရင်ကာကိုရှုံးနိမ့်ခဲ့ရာ ယခုပွဲ၌ ရှုံးကြွေးဆပ်နိုင်ခဲ့သည်။ **(အင်တာနက်)***

ဘာစီလိုနာတို့ဂိုးဒါဇင်ဝက်ကျော်သွင်းပြီးနိုင်ပွဲရ ရီးရဲမက်ဒရစ်တို့ အိမ်ကွင်း၌ အောင်ပွဲခံ

မက်ဒရစ် ဧပြီ ၃၀

စပိန်လာလီဂါပွဲစဉ်(၃၅)ကို ဧပြီ ၃၀ ရက် နံနက်က ဆက်လက်ယှဉ်ပြိုင်ကစားရာ ဗာလီကာနိုနှင့်ဘာစီလိုနာတို့ပွဲတွင် ဘာစီလိုနာက ခုနစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ပြီး ရီးရဲမက်ဒရစ်နှင့်ဆီဗီလာတို့ပွဲတွင် ရီးရဲမက်ဒရစ်က သုံးဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့သည်။

ဘာစီလိုနာတို့အဝေးကွင်း၌ကစားရသော်လည်း ဗာလီကာနိုကို အပေါ်စီး မှကစားနိုင်ခဲ့သည်။ ဘာစီလိုနာအတွက် အဖွင့်ဂိုးကိုပွဲချိန် ၁၆ မိနစ်၌ မက်ဆီက

သွင်းယူပေးခဲ့ပြီး ဒုတိယဂိုးကို ပွဲချိန် ၂၆ မိနစ်တွင် ဗာလီကာနိုမှ ရိုဘာက ဘောလုံးရှင်းထုတ်ရင်း ဂိုးဝင်သွားသဖြင့် လက်ဆောင်ဂိုးရရှိခဲ့သည်။

နိုင်ပွဲရရှိ

ဆက်လက်ပြီး ပွဲချိန် ၃၉ မိနစ်၌ ဘာစီလိုနာအတွက် ကိုင်တာတစ်ဂိုးသွင်းယူပေးကာ ၄၇ မိနစ်နှင့် ၈၇ မိနစ်တို့၌ ရိုဒရီကွက်ဇ်တစ်ဦးတည်း နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ပွဲချိန် ၇၇ မိနစ်၌ အယ်လ်ကင်တာရာက ဘာစီလိုနာအတွက် တစ်ဂိုးသွင်းယူပေးပြီး မိနစ် ၉၀ ၌ မက်ဆီကတစ်ဂိုးထပ်မံသွင်းယူခဲ့သဖြင့် ပွဲအပြီး ဘာစီလိုနာတို့က ခုနစ်ဂိုးပြတ်ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်သည်။ **(ဝဲပုံ)**

ထို့အတူရီးရဲမက်ဒရစ်နှင့် ဆီဗီလာတို့ပွဲတွင် ရီးရဲမက်ဒရစ်က သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည်။ ရီးရဲမက်ဒရစ်အတွက် ဂိုးများကို ပွဲချိန် ၁၉ မိနစ်၌ စီရိုနယ်ဒိုက တစ်ဂိုး၊ ပွဲချိန် ၄၉ မိနစ်နှင့် ၅၂ မိနစ်တို့၌ ဘင်ဇီမာက တစ်ဦးတည်း နှစ်ဂိုးဆက်တိုက် သွင်းယူပေးခဲ့သဖြင့် ပွဲအပြီးရီးရဲမက်ဒရစ်က သုံးဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ရီးရဲမက်ဒရစ်တို့ လာလီဂါဖလားရယူရန် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာပြီဖြစ်သည်။ **(အင်တာနက်)**

အခြားပွဲရလဒ်

ဇာရာဂိုဇာ	၂-၀	ဘီလ်ဘာအို
မာလာဂါ	၁-၀	ဗလင်စီယာ
ရီးရဲဘက်တစ်	၂-၂	အက်သလက်တီကို

မြင့်မောင်စိုး – စုစည်းသည်

ဘာစီလိုနာအိုးပင်းဖလား ရာဖေးလ်နာဒယ် ခုနစ်ကြိမ်မြောက်ဆွတ်ခူး

ဘာစီလိုနာ ဧပြီ ၃၀

ကမ္ဘာ့နံပါတ်နှစ် တင်းနစ်ကစားသမား ရာဖေးလ်နာဒယ်သည် ဧပြီ ၂၉ ရက်က စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ကျင်းပသော ဘာစီလိုနာအိုးပင်းဗိုလ်လုပွဲတွင် ပြိုင်ဘက်ဒေးဗစ်ဖာရာကို အနိုင်ရပြီး ခုနစ်ကြိမ်မြောက် ဘာစီလိုနာအိုးပင်းဖလားကြီးကို ဆွတ်ခူးရရှိသွားခဲ့သည်။ **(ယာပုံ)**

ဆွတ်ခူး

ရာဖေးလ်နာဒယ်သည် လွန်ခဲ့သောသီတင်းပတ်က မွန်တီကာလိုဖလားကို ရှစ်ကြိမ်မြောက် ဆွတ်ခူးခဲ့ပြီးနောက် ယခုတစ်ဖန် ဘာစီလိုနာအိုးပင်းဖလားကို ခုနစ်ကြိမ်မြောက်အဖြစ် ဆွတ်ခူးလိုက်ခြင်းဖြစ်သည်။

အသက် ၂၅ နှစ် အရွယ်ရှိ နာဒယ်သည် ပြိုင်ဘက်ဒေးဗစ်ဖာရာကို ၂ နာရီနှင့် မိနစ် ၄၀ ကြား ကစားခဲ့ပြီးနောက် ၇-၆ (၇-၁)၊ (၇-၅)ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။ ၎င်းသည် Open ဖလားနှစ်လုံးကို အနည်းဆုံးခုနစ်ကြိမ်အထိ ဆွတ်ခူးနိုင်သည့် ပထမဆုံးတင်းနစ်ကစားသမားဖြစ်လာသည်။ **"ဒီပွဲက ဒီနှစ်မြေစေးကွင်းရာသီမှာ အခက်အခဲဆုံးပြိုင်ပွဲပါပဲ။ ကျွန်တော်ဒေးဗစ်ဖာရာကိုနိုင်ဖို့ အတော်လေးကြိုးစားအားထုတ်ခဲ့ရပါတယ်"** ဟု ရာဖေးလ်နာဒယ်က စပိန်ရုပ်မြင်သံကြားသို့ ပြောကြားသည်။ ရာဖေးလ်နာဒယ်သည် ၂၀၀၂ ခုနှစ် ဧပြီ ၂၉ ရက်က မာလော့ကာ၌ ကျင်းပသော ပြိုင်ပွဲမှစပြီး ဖလားများဆက်တိုက် ဆွတ်ခူးနိုင်ခဲ့သည်။ ထိုစဉ်က ရာမွန်ဒယ်ဂါဒိုအား ၆-၄၊ ၆-၄ဖြင့် စတင်အနိုင်ရပြီး ဖလားဆွတ်ခူးခဲ့သည်။ ဆယ်စုနှစ်တစ်ခုအတွင်း ရာဖေးလ်နာဒယ်သည် ဖလား ၄၈ လုံးအထိ ဆွတ်ခူးနိုင်ခဲ့သည်။ **(အင်တာနက်)**

နည်းပြရွိုင်းဟော့ဆင် အင်္ဂလန်နည်းပြဖြစ်လာဖွယ်ရှိ

လန်ဒန် ဧပြီ ၃၀

နည်းပြ ရွိုင်းဟော့ဆင်။

ရွိုင်းဟော့ဆင်သည် ဧပြီ ၃၀ ရက်တွင် အက်ဖ်အေနှင့် စတင်ဆွေးနွေးလျက်ရှိရာ မကြာမီရက်ပိုင်းအတွင်း အင်္ဂလန်အသင်းနည်းပြ ဖြစ်လာဖွယ်ရှိသည်။

အသက် ၆၄ နှစ်အရွယ်ရှိ ဝက်စ်ဘရွန်းအသင်းနည်းပြ ရွိုင်းဟော့ဆင်သည် ကာပယ်လို၏ နေရာတွင် ဆက်ခံနိုင်မည့် တစ်ဦးတည်းသော ပုဂ္ဂိုလ်ဖြစ်ကြောင်း အက်ဖ်အေက ပြောကြားသည်။

သူသည် အက်ဖ်အေဥက္ကဋ္ဌ ဒေးဗစ်ဗာစတိန်းနှင့် ဆွေးနွေးပြီးဖြစ်သည်။ အက်ဖ်အေအမှုဆောင်လေးဦးအဖွဲ့နှင့် ဆက်လက်ဆွေးနွေးရမည်ဖြစ်သည်။ သူ့အနေဖြင့် အင်္ဂလန်နည်းပြလုပ်ရမည်ကို ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ရွိုင်းဟော့ဆင်က ပြောကြားသည်။

ရွိုင်းဟော့ဆင်သည် ဆွီဒင်၊ အင်္ဂလန်၊ ဆွစ်ဇာလန်၊ အီတလီ၊ ဒိန်းမတ်နှင့် နော်ဝေတို့တွင် နည်းပြလုပ်ခဲ့သူဖြစ်သည်။ ၁၉၉၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆွစ်ဇာလန် နည်းပြလုပ်ခဲ့သည်။ ၂၀၀၂ ခုနှစ်မှ ၂၀၀၄ ခုနှစ်အထိ ယူအေအီးအသင်းနည်းပြဖြစ်ခဲ့သည်။ ၂၀၀၅ မှ ၂၀၀၇ ခုနှစ်အထိ ဖင်လန်အသင်းနည်းပြဖြစ်ခဲ့သည်။ ၎င်းသည် ပရီမီယာလိဂ်တွင် ဘလက်ဘန်း၊ ဖူလ်ဟမ်၊ လီဗာပူးတို့တွင်လည်း နည်းပြလုပ်ခဲ့သည်။ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလတွင် ဝက်စ်ဘရွန်းနည်းပြဖြစ်လာခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာ့နံပါတ်တစ်နေရာ လူကေးဒိုနယ်ပြန်လည်ရရှိ

လန်ဒန် ဧပြီ ၃၀

အင်္ဂလန်ဂေါက်သီးကစားသမား လူကေးဒိုနယ်သည် ဧပြီ ၂၉ ရက်က အမေရိကန်နိုင်ငံ နယူးအော်လင်း၌ ကျင်းပသော ဇူးရစ်ကလပ်ဆစ် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် တတိယဆုရပြီးနောက် ရွိုင်းမက်ရွိုင်းထံမှကမ္ဘာ့နံပါတ်တစ် ဂေါက်သီးကစားသမားနေရာကို ပြန်လည်ရယူလိုက်သည်။ **(ဝဲပုံ)**

ရောက်ရှိလာ

လူကေးဒိုနယ်သည် အဆိုပါပြိုင်ပွဲနောက်ဆုံးနေ့တွင် ၆၇ ချက်ရိုက်ပြီး တတိယရခဲ့သည်။ ၎င်းသည် ကမ္ဘာ့နံပါတ်ခုနစ်နေရာမှ ကမ္ဘာ့နံပါတ်တစ်နေရာကို ပြန်လည်ရောက်ရှိလာခြင်းဖြစ်သည်။ ယင်းဂေါက်သီးရိုက်ပြိုင်ပွဲတွင် အမေရိကန်ဂေါက်သီးရိုက်အားကစားသမား ဂျက်ဆင်ဒူဖားက တောင်အာဖရိကမှ အာနိုင်းအဲ့စ်နှင့် ကျင်းပိုကစားပြီး ဗိုလ်စွဲခဲ့သည်။ ဂျက်ဆင်ဒူဖားသည် စုစုပေါင်း ၁၉ ချက်ရိုက်ပြီး ဖလားဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့နံပါတ်တစ်နေရာသည် ၁၈လအတွင်း ကိုးကြိမ်တိုင် အပြောင်းအလဲဖြစ်ခဲ့သည်။ တိုက်ဂါးဝုဒ်၊ လီဝက်စ်ဝုဒ်နှင့် မာတင်ကေးမာတို့လည်း ကမ္ဘာ့နံပါတ်တစ်နေရာကို ခြိမ်းခြောက်နိုင်ခဲ့သည်။ **(အင်တာနက်)**

စပါးက ဘလက်ဘန်းကိုနိုင်၊ စတုတ္ထနေရာပြန်ရောက်

လန်ဒန် ဧပြီ ၃၀

အင်္ဂလန်ပရီမီယာလိဂ်ဘောလုံးပြိုင်ပွဲ ပွဲစဉ်(၃၆)ကို ဧပြီ ၂၉ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားကြရာ စပါးက တန်းဆင်းဇုန်ခြိမ်းခြောက်ခံနေရသော ဘလက်ဘန်းကို နှစ်ဂိုး- ဂိုးမရှိဖြင့်နိုင်ပြီး အမှတ်ပေးဇယားစတုတ္ထနေရာကို ပြန်လည်ရယူလိုက်သည်။

စပါးအသင်းအတွက် အနိုင်ဂိုးများကို ဗန်ဒါဗတ်နှင့်ဝေါကာတို့က သွင်းယူပေးခဲ့ကြခြင်းဖြစ်သည်။ စပါးက လာမည့်ဘောလုံးရာသီချန်ပီယံလိဂ်ဝင်ခွင့်ရရေး တတိယနေရာရရှိရေးအတွက် ဆက်လက်ကြိုးစားသွားမည်ဖြစ်ကြောင်း စပါးအသင်းတာဝန်ရှိသူများက ပြောကြားသည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ကမ္ဘာ့အသေးငယ်ဆုံးမော်တော်ကား အီတလီ၌ထုတ်လုပ်

ရောမ ဧပြီ ၃၀

ကမ္ဘာပေါ်တွင် အသေးငယ်ဆုံးမော်တော်ကားတစ်စီးကို အီတလီနိုင်ငံမှ ဖော်လ်ပီမော်တော်ကား ကုမ္ပဏီမှ ထုတ်လုပ်လိုက်ပြီဖြစ်ကြောင်း ဧပြီ ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။ (ဝဲပုံ)

အဆိုပါကားကို ဖော်လ်ပီဟုအမည်ပေးထားပြီး ဖော်လ်ပီကုမ္ပဏီမှနေ၍ အီတလီနိုင်ငံသားရိုမီနိုအာတီရိုလီအတွက် ထုတ်လုပ်ပေးထားခြင်းဖြစ်သည်။ ယင်းမော်တော်ကားလေးသည် အမြင့် ၁ ဒသမ ၅ မီတာရှိပြီး အကျယ် တစ်မီတာခန့်သာရှိသည်။

ထို့အပြင် ကားတစ်စီးလုံး၏ အလေးချိန်မှာ ၃၅၀ ကီလိုဂရမ်ရှိပြီး လူနှစ်ဦးသာ စီးနင်းနိုင်သည်။ ယင်းကားကို အမြင့်ဆုံးမောင်းနှင်နိုင်သည့်နှုန်းမှာ တစ်နာရီ မိုင် ၃၀ နှုန်းဖြစ်သည်။ မိမိအလုပ်လုပ်ရာ အထပ်မြင့်ရုံးခန်းအတွင်းအထိ ဓာတ်လှေကားဖြင့် သယ်ယူကာ မောင်းနှင်သွားနိုင်သည်အထိ အရွယ်အစား သေးငယ်သည်။

၎င်းမော်တော်ကားကို မြို့လယ်လမ်းများတွင် ပုံမှန်အတိုင်းမောင်းနှင်သွားလာနိုင်ပြီး ကားရပ်နားရာနေရာအတွက်လည်း နေရာကျယ်ကျယ်မလိုကြောင်း၊ ကားအင်ဂျင်ကိုလည်း သေသေချာချာသုတေသနပြုထုတ်လုပ်ထားခြင်းဖြစ်ကြောင်း ဖော်လ်ပီကုမ္ပဏီမှ ပြောကြားသည်။ ဖော်လ်ပီကားလေးကို ဥရောပနိုင်ငံတစ်ဝန်းတွင် တစ်စီးလျှင် ပေါင် ၅၆၀၀ ဖြင့် လာမည့် ၂၀၁၃ ခုနှစ်မှ စတင်ကာရောင်းချမည်ဖြစ်ကြောင်း၊ ကမ္ဘာ့အသေးငယ်ဆုံး လူစီးမော်တော်ကားအဖြစ် ဂင်းနက်စ်မှတ်တမ်းတင်မည်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ *(အင်တာနက်)*

ကမ္ဘာ့လူဦးရေအများဆုံး ဆမ်ပါ ကပွဲ

လန်ဒန် ဧပြီ ၃၀

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ရိုးရာဓလေ့အကတစ်မျိုးဖြစ်သော ဆမ်ပါ အကကို ကျောင်းသား ကျောင်းသူ ၁၀၀၀၂ ဦးတို့က စုပေါင်းကပြဖျော်ဖြေခဲ့ရာ ကမ္ဘာပေါ်တွင် လူဦးရေအများဆုံးဆမ်ပါအက ကပြသူများအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရကြောင်း ဧပြီ ၂၉ ရက်၌ သတင်းထုတ်ပြန်သည်။ **(ယာပုံ)**

အဆိုပါကျောင်းသား ကျောင်းသူများမှာ လန်ဒန်မြို့ပေါ်မှ အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများဖြစ်ပြီး လန်ဒန်မြို့ ဘရွတ်ဖီးလ် အမျိုးသားအားကစားရုံ၌ ဧပြီ ၂၇ ရက်က ဆမ်ပါအကကို စုပေါင်းကပြခဲ့ကြခြင်း ဖြစ်သည်။

ဆမ်ပါအကမှာ ဖားတစ်ကောင်ကဲ့သို့ လှုပ်ရှားကပြခြင်းဖြစ်ပြီး ရိုးရာဓလေ့အကတစ်မျိုးဖြစ်သည်။ အဆိုပါဆမ်ပါအက စုပေါင်းကပြပွဲကို လန်ဒန်မြို့ မာရီကူကာဘို ဖောင်ဒေးရှင်းမှ ကြီးမှူးကျင်းပခြင်းဖြစ်သည်။

ဆမ်ပါစုပေါင်းကပြမှုတွင် ကျောင်းသားကျောင်းသူလေးများ အများစု ပါဝင်ပြီး ဆရာ ဆရာမများ၊ အကဆရာများအပြင် အမျိုးသား အမျိုးသမီးများက စုပေါင်းပါဝင်ဆင်နွှဲခဲ့ကြခြင်းဖြစ်သည်။ ယင်းစုပေါင်းကပြပွဲသို့ ဂင်းနက်စ်မှတ်တမ်းအဖွဲ့မှ တာဝန်ရှိသူများ ရောက်ရှိစစ်ဆေးပြီးနောက် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**



အာကာဟိန်း
စုစည်းသည်

အသိဉာဏ်အမြင့်မားဆုံးကြောင်

လန်ဒန် ဧပြီ ၃၀

ဗြိတိန်နိုင်ငံ နော့သမ်ပတန်မြို့ရှိ ပိုင်ရှင်တစ်ဦးမွေးမြူထားသော ကြောင်တစ်ကောင်သည် ကမ္ဘာပေါ်တွင် အသိဉာဏ်အမြင့်မားဆုံးကြောင်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဧပြီ ၂၉ ရက်က ဖော်ပြခံရသည်။ **(အပေါ်ပုံ)**

၎င်းကြောင်ကို နော့သမ်ပတန်မြို့ စပရင်းဟီးလ်မွေးမြူရေးခြံပိုင်ရှင် လူစင်ဒါရုပ်ဒ်အဒမ်က မွေးမြူထားခြင်းဖြစ်ပြီး ကြောင်၏ ကိုယ်ခန္ဓာအလေးချိန်မှာ ၂၇ ဒသမ ၇ ပေါင်ရှိသည်။ နေအိမ်အတွင်း အိမ်မှုကိစ္စများကို ကျွမ်းကျင်စွာလုပ်ဆောင်နိုင်စွမ်းရှိသည့် ကြောင်ဖြစ်သည်။

ရှင်းလင်း

အိမ်ခန်းကြမ်းပြင်များအား ကြမ်းပြင်တိုက်အဝတ်ကို ၎င်း၏ ရှေ့လက်နှစ်ဖက်ဖြင့်ဖိပြီး သန့်ရှင်းအောင်တိုက်ပေးလေ့ရှိသည်။ တစ်ဖန်မိမိစားသောက်ရန်အတွက် သတ်မှတ်ထားသော အသားတုံးများကိုရေခဲသေတ္တာအတွင်းမှ ယူကာ ၎င်း၏လက်နှစ်ဖက်ဖြင့် ဓားကိုကိုင်ကာ အပြားလိုက်ဖြစ်အောင် လှီးဖြတ်ပြီးစားသောက်လေ့ရှိသည်။ အိမ်ခန်းအတွင်း ပြန့်ကြဲပြီး စနစ်တကျမရှိသော အဝတ်အထည်နှင့် ပစ္စည်းများကို ပါးစပ်ဖြင့်ကိုက်ချီ၍ လည်းကောင်း၊ ရှေ့လက်နှစ်ဖက်ဖြင့် ယူ၍လည်းကောင်း စနစ်တကျသိမ်းဆည်း ရှင်းလင်းတတ်သည့် ကြောင်ဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

အာကာကျော် - စုစည်းသည်

ဆမ်ဆောင်းစမတ်ဖုန်း နံပါတ်တစ်ရောင်းအားအကောင်းဆုံး

နယူးယောက် ဧပြီ ၃၀

တောင်ကိုရီးယားနိုင်ငံမှ ထိပ်တန်းအီလက်ထရွန်နစ်ကုမ္ပဏီကြီးတစ်ခုဖြစ်သော ဆမ်ဆောင်းကုမ္ပဏီ၏ စမတ်ဖုန်းရောင်းချမှုသည် ကမ္ဘာ့နံပါတ်တစ်ရောင်းအား အကောင်းဆုံးဖြစ်လာကြောင်း ဧပြီ ၂၉ ရက်က အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။ **(အပေါ်ပုံ)**

ဆမ်ဆောင်းကုမ္ပဏီ၏ စမတ်ဖုန်းရောင်းချမှုသည် ၁၄ နှစ်ကြာနံပါတ်တစ်ရောင်းအားအကောင်းဆုံးဖြစ်သော Nokia ကိုကျော်ဖြတ်သွားစေခဲ့ကြောင်းဖြင့်လည်း သတင်း၌ဖော်ပြထားသည်။

၂၀၁၂ ခုနှစ် ပထမသုံးလအတွင်း ကမ္ဘာတစ်ဝန်းလုံးရှိ ကုမ္ပဏီများ၏ မိုဘိုင်းလ်ဖုန်း တင်ပို့ရောင်းချမှုသည် အလုံးပေါင်း ၁၄၅ ဒသမ ၃ သန်းရှိခဲ့သည်။ ယင်းတို့အနက် ဆမ်ဆောင်းကုမ္ပဏီ၏ စမတ်ဖုန်းတင်ပို့ရောင်းချမှုသည် ၄၄ ဒသမ ၅ သန်းရှိခဲ့သည်။ ၎င်းနောက်မှ အက်ပဲလ်ကုမ္ပဏီက iphone ၃၅ ဒသမ ၁ သန်းအထိရောင်းချခဲ့ရသည်။ နှစ်အလိုက်တွက်ကြည့်လျှင် ဆမ်ဆောင်းကုမ္ပဏီ၏ စမတ်ဖုန်းတင်ပို့မှုသည် ၂၅၃ ရာခိုင်နှုန်းအထိမြင့်တက်ခဲ့သည်။

ယခုနှစ်ပထမသုံးလအတွင်း ဆမ်ဆောင်းကုမ္ပဏီ၏ မိုဘိုင်းလ်ဖုန်းတင်ပို့ရောင်းချမှုမှာ စုစုပေါင်းအလုံးရေ ၉၃ ဒသမ ၅ သန်းအထိ မြင့်တက်ခဲ့သည်။ နိုကီယာ၏ ဟမ်းဆက်တင်ပို့မှုသည် ပထမသုံးလအတွင်း ၈၂ ဒသမ ၇ ရာခိုင်နှုန်းရှိခဲ့သည်။ ရာခိုင်နှုန်းအားဖြင့် ၂၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်း သိရသည်။ နိုကီယာသည် ၁၉၉၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်အထိ ၁၄ နှစ်ကြာကမ္ဘာ့နံပါတ်တစ် ဟမ်းဆက်အများဆုံး တင်ပို့ရောင်းချခဲ့သည်။ ယခုအခါ ဆမ်ဆောင်းက နံပါတ်တစ်နေရာကို ရယူလိုက်ပြီဖြစ်သည်။ **(အင်တာနက်)**

အမေဇုန်မှထုတ်သည့် Tablet များ အမေရိကန်ဈေးကွက်၌ လူကြိုက်များ

နယူးယောက် ဧပြီ ၃၀

ကမ္ဘာ့ထိပ်တန်းနည်းပညာကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အမေဇုန်က ထုတ်လုပ်သည့် Kindle Fire လို့ အမည်ပေးထားသော Android Tablet များသည် အမေရိကန်ဈေးကွက်၌ ရောင်းအား စံချိန်တင်မြင့်တက်ခဲ့ကြောင်း ဧပြီ ၂၈ ရက်က အင်တာနက်သတင်းတစ်ရပ်တွင်ဖော်ပြသည်။ **(ယာပုံ)**

အဆိုပါ Kindle Fire ကွန်ပျူတာငယ်များသည် ၂၀၁၀ ခုနှစ်ကစပြီး ပထမမျိုးဆက်ထွက်လာပြီးနောက် ရောင်းအားစံချိန်တင်မြင့်တက်ခဲ့ကြောင်း၊ အမေရိကန်ဈေးကွက်၌ရောင်းချသော Android Tablet တစ်လုံး၏ ထက်ဝက်ကျော်မှာ Kindle Fire Tablet များဖြစ်ကြောင်း နည်းပညာဈေးကွက်လေ့လာသူများက ပြောကြားသည်။

အဆိုပါ Kindle Fire ကွန်ပျူတာငယ်များသည် အမေရိကန် Android Tablet ဈေးကွက်၌ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ စုစုပေါင်း၏ ၅၄ ဒသမ ၄ ရာခိုင်နှုန်းအထိရောင်းချနိုင်ခဲ့သည်ဟုဆိုသည်။ အဆိုပါ Tablet တစ်လုံး၏တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၉ ဒေါ်လာဖြစ်သည်။ ဈေးနှုန်းသင့်တော်ခြင်းကြောင့် ဝယ်ယူသူများ အထူးများပြားလာကြောင်း အမေဇုန်ကပြောကြားသည်။ အမေရိကန်ဈေးကွက်တွင် ဆမ်ဆောင်းမှထုတ်လုပ်သည့် Galaxy Tab များ ရောင်းချရမှုသည် ဈေးကွက်၏ ၁၅ ရာခိုင်နှုန်းမျှသာရှိသည်။ အခြားသော ကုမ္ပဏီများမှထုတ်လုပ်သည့် Tablet များသည် ဈေးကွက်ဝေစု ၇ ရာခိုင်နှုန်းခန့်သာရှိသည်။ **(အင်တာနက်)**

မိုဘိုင်းလ်ဖုန်းအသုံးပြုခြင်းကြောင့် ကျန်းမာရေးကို ထိခိုက်ခြင်းမရှိဟုဆို

လန်ဒန် ဧပြီ ၃၀

မိုဘိုင်းလ်ဖုန်းပြောဆိုခြင်းဖြင့် လူကိုကျန်းမာရေးထိခိုက်စေသည့် အထောက်အထားများ မတွေ့ရကြောင်း ဗြိတိသျှကျန်းမာရေးစောင့်ရှောက်မှုအေဂျင်စီ (အိတ်ချ်ပီအေ)က ဧပြီ ၂၇ ရက်တွင် ပြောကြားသည်။

စစ်ဆေးမှု

ဗြိတိသျှသိပ္ပံပညာရှင်များသည် မိုဘိုင်းလ်ဖုန်းများအသုံးပြုခြင်းကြောင့် ကင်ဆာရောဂါဖြစ်ပွားခြင်းနှင့် ဆက်စပ်ပတ်သက်မှုရှိမရှိ၊ ဦးနှောက်အကျိတ်ဖြစ်မဖြစ် ဆိုသည့် အချက်များပေါ် မူတည်၍ ရာပေါင်းများစွာသော သုတေသနစမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

*မိုဘိုင်းလ်ဖုန်းပြောဆိုခြင်းသည် ကျန်းမာရေးအတွက် ထိခိုက်မှု အထောက်အထားများ မတွေ့ရသော်လည်း ကလေးများအနေဖြင့် မိုဘိုင်းလ်ဖုန်းကို အလွန်အကျွံပြောဆိုခြင်းမပြုသင့်ကြောင်း အိတ်ချ်ပီအေက ပြောကြားသည်။ ဗြိတိန်နိုင်ငံ၌ မိုဘိုင်းလ်ဖုန်းအသုံးပြုသူ သန်း ၈၀ ရှိသည်။ ထို့အပြင် ရုပ်မြင်သံကြားနှင့်ရေဒီယိုနားထောင်သူ၊ **Wi-Fi** နှင့် အခြားသောနည်းပညာပစ္စည်းများ အသုံးပြုသူများလည်းရှိသည်။ နိမ့်သောရေဒီယိုသံလိုက်စက်ကွင်းများသာရှိသည်။ ယင်းတို့သည် လူ့ကျန်းမာရေးကို ထိခိုက်မှုမရှိဟု ဆိုသည်။ (အပေါ်ပုံ)*

မိုဘိုင်းလ်ဖုန်းများကို ဗြိတိန်နိုင်ငံ၌ ၁၉၉၀ ပြည့်နှစ်လွန်နှစ်များအထိ သုံးစွဲသူ နည်းပါးခဲ့သည်။ ယင်းနောက်မှ တဖြည်းဖြည်းသုံးစွဲသူဦးရေ များပြားလာခဲ့သည်။ မိုဘိုင်းလ်ဖုန်းသံလိုက်စက်ကွင်းများသည် ဦးနှောက်အကျိတ်ဖြစ်စေနိုင်သည့်အချက်ကို မတွေ့ရဟုဆိုသည်။ *(အင်တာနက်)*

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E. Mrs. Catherine Ashton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဌေး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E. Mrs. Catherine Ashton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. David Lipman လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် EU မှ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များအား အသိအမှတ်ပြုတန်ဖိုးထားမှုနှင့် မိတ်ဖက်အဖွဲ့အစည်းအနေဖြင့် ထောက်ခံအားပေးမှု တိုးမြှင့်ဆောင်ရွက်ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းများအား ထာဝရငြိမ်းချမ်းရေးရရှိသည်အထိဆောင်ရွက်ရေး၊ စီးပွားရေးတိုးတက်ဖွံ့ဖြိုးလာစေရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး EU ၏ စီးပွားရေးပိတ်ဆို့မှုများအား ယာယီရပ်ဆိုင်းရာမှ အပြည့်အဝရုပ်သိမ်းပေးနိုင်ရေး၊ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် နည်းပညာနှင့် စွမ်းရည်မြှင့်တင်မှုလုပ်ငန်းများနှင့် အခြားသော လိုအပ်ချက်များအား ဖြည့်ဆည်းကူညီနိုင်ရန် ပူးပေါင်းဆောင်ရွက်ရေး၊ အသေးစားငွေကြေးလုပ်ငန်းများတွင် EU အဖွဲ့အစည်းသာမက အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံချင်းကပါ ပါဝင်ကူညီဆောင်ရွက်နိုင်ရေးတို့ကို အသေးစိတ်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

မှတ်တမ်းတင်ဓာတ်ပုံရိုက်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့် လုံခြုံရေးရာအကြီးအကဲ H.E. Mrs. Catherine Ashton ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဧပြီ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် နေပြည်တော်၌ ရောက်ရှိနေသော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Guido Westerwelle ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ သံအမတ်ကြီး H.E. Mr. Christian- Ludwing Weber - Lortsch လည်း တက်ရောက်သည်။

တွေ့ဆုံစဉ် ပြည်တွင်းနိုင်ငံရေး တိုးတက်ဖြစ်ပေါ်ပြောင်းလဲမှုများ၊ တရားဥပဒေစိုးမိုးရေးဆောင်ရွက်မှုများ၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပါဝင်ပံ့ပိုးကူညီဆောင်ရွက်နိုင်ရေး၊ သဘာဝဓာတ်ငွေ့၊ ရေနံ၊ စားသောက်ကုန်၊ ရေလုပ်ငန်း၊ အကြီးစားစက်မှုလုပ်ငန်းများနှင့် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံတည်ဆောက်ရေးကဏ္ဍများတွင် လာရောက်ရင်းနှီးမြှုပ်နှံနိုင်ရေး၊ စက်မှုအသက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များ၊ ရေအရင်းအမြစ်ထိန်းသိမ်းရေးလုပ်ငန်း၊ ပြည်တွင်းအသေးစားငွေကြေးလုပ်ငန်းများတွင် အကူအညီများပေးအပ်နိုင်ရေး၊ နှစ်နိုင်ငံအကြား ရေရှည်မျှော်မှန်းသည့် ခိုင်မြဲတည်တံ့ပြီး တန်းတူညီမျှသော ဆက်ဆံမှုများဖြင့် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး H.E. Dr. Guido Westerwelle ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)